မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၆)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

တာဘိုင်အမှတ်(၁)မှ ဓာတ်အားစမ်းသပ်ထုတ်လုပ်

ကျန်ရှိသောလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲ၂နာရီတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြရာ မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ မြစ်ငယ်မြစ်ပေါ်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်ရွက်ရှုမှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်)

မီးဘေးအန္တရာယ်ကင်းဝေးရေး ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်

ယခုအခါ ပွင့်လင်းရာသီ ရောက်ရှိလာသည်နှင့်အမျှ မီးလောင်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ မီးသုံးစွဲမှုကို သတိရှိရှိဖြင့် အထူးဂရုပြု လုပ်ဆောင်ကြရမည်ဖြစ်သည်။ ရုံး၊ နေအိမ်၊ အဆောက်အအုံ၊ လုပ်ငန်းခွင်များ၌ မီးလောင်မှုမဖြစ်ပွားစေရန်အတွက် သက်ဆိုင်ရာ မြို့နယ် မီးသတ်ဦးစီးဌာန အကူအညီဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိကြရမည်ဖြစ်သည်။

"မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ" ဆိုသည့် မီးဘေးအန္တရာယ် သတိပေး ဆောင်ပုဒ်အရ တိုင်းရင်းသား ပြည်သူများသည် မီးကို စနစ်တကျ သုံးစွဲကြရန်လိုအပ်သည်။

မီးလောင်မှုအကြောင်းရင်းများကို လေ့လာကြည့်ပါလျှင် ပေါ့ဆမီးကြောင့် အများဆုံးဖြစ်ရပြီး ပေါ့ဆမီးသည် ၅၇ရာခိုင်နှုန်း၊ မီးဖိုမီး ၂၅ ရာခိုင်နှုန်း၊ လျှပ်စစ်မီး ၁၁ရာခိုင်နှုန်း၊ မသမာသူများ ရှို့မီး၊ တောမီးနှင့် အလိုအလျောက်မီးသည် သုံးရာခိုင်နှုန်းရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ၂၀၀၉ခုနှစ်အတွင်း တစ်နိုင်ငံလုံး မီးလောင်မှုအကြိမ် ၇၁၄ ကြိမ်ဖြစ်ပွားခဲ့သည်။ မီးဘေးကြောင့် ပြည်သူများ၏ အနှစ်နှစ်အလလက ရှာဖွေစုဆောင်းခဲ့ရသော ငွေကြေးဥစ္စာ၊ အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

မိသားစုဝင် အားလုံးက မီးကိုသတိရှိစွာဖြင့် ဂရုတစိုက် အသုံးပြုကြရမည်ဖြစ်သည်။ ရုံးလုပ်ငန်းဌာနများတွင်လည်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် လျှပ်စစ်မီးအသုံးပြုပြီး ဂရုတစိုက်ပိတ်ခြင်း၊ စစ်ဆေးခြင်းများကို ပြုလုပ်ထားရမည်ဖြစ်သည်။ ဆေးလိပ်တို၊ ဆေးလိပ်ခွက်၊ အမှိုက်ခြင်း စသည်များကို စနစ်တကျထားရှိကြရမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား သုံးစွဲမှုကြောင့် မီးလောင်ခြင်းဖြစ်ပွားခဲ့ပါက အချိန်တိုကာလအတွင်း ဓာတ်အား ရုတ်တရက် ပေါက်ကွဲခြင်းဖြစ်ပြီး မီးကူးစက်မှုသည် လျင်မြန်စွာ ကူးစက်လောင်ကျွမ်းနိုင်သည်။ လျှပ်စစ်ကြိုးများကို စနစ်တကျ သွယ်တန်းထားရှိရမည်ဖြစ်ပြီး ဟောင်းနွမ်း ဆွေးမြည့်နေသည့်ကြိုးများကို အသစ်လဲလှယ်တပ်ဆင်ထားရန် လိုအပ်ပေသည်။

မြို့ရွာအေးချမ်းသာယာရေးအတွက် ပြည်သူတိုင်းက မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ပုဒ်များနှင့်အညီ သတိရှိရှိ တိကျစွာ လိုက်နာ ပြုမူဆောင်ရွက်သွားကြမည်ဆိုပါက မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု ဆုနှင်းသဘင်ကျင်းပချိန် ပြောင်းလဲထား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ အမှတ် (၄၀) နတ်မောက်လမ်းရှိ **Chatrium Hotel** ၏ **Grand Ballroom** ခန်းမ၌ ကျင်းပမည့် ၂၀၀၉ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု၊ ဆုနှင်းသဘင်အခမ်းအနား ကျင်းပချိန်ကို နံနက် ၉နာရီအစား နံနက် ၁၀နာရီခွဲ ပြောင်းလဲသတ်မှတ်ကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဆုရသူများအားလုံး မပျက်မကွက်တက်ရောက်ရန် နှိုးဆော်ထားသည်။

ဆက်သွယ်သတင်းပို့

စာပေဆုရသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆု ရရှိသူများနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရသူများသည် ပခုက္ကူဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်လှိုင် ဖုန်း-၀၁-၃၈၁၄၄၈၊ ၀၉-၈၀-၂၁၇၀၃ တို့သို့လည်းကောင်း၊ ပညာရည်ချွန်ဆု ရရှိသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသန့် ဖုန်း-၀၆၇-၄၀၇၂၇၂ နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ ဖုန်း-၀၁-၅၄၈၅၄၀ တို့သို့ အမြန်ဆုံး ဆက်သွယ်သတင်းပို့ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ လူမှုဝန်ထမ်း သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းအတွင်းရှိ အိပ်ဆောင်များ၊ ထမင်းစားခန်းများနှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ် ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ရွေးချယ်

ထို့နောက် ဝန်ကြီးသည် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းသို့ သွားရောက်၍ အသစ်ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ မြေနေရာနှင့် မသန်စွမ်း သက်ငယ်သင်တန်းကျောင်းနှင့် မသန်စွမ်း ကလေးများပြုစုစောင့်ရှောက်ရေးဌာန ကျောင်းဆောင်သစ်များ ဆောက်လုပ်မည့် မြေနေရာတို့ကို ရွေးချယ်သတ်မှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်

ဖေဖော်ဝါရီ ၁၃ရက်က ဒေါပုံ မြို့နယ် ဆေးစက်ရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတပ်ကြပ် ကြင်သောင်းနှင့်အဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူ များ မီးဘေးအန္တရာယ်ကင်းရှင်းရေး နှင့် မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင် ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ ကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်းစည်ပင်သာယာညွှန်မှူး ရေတာရှည်တွင် လုပ်ငန်းစစ်ဆေး

ရေတာရှည် ဖေဖော်ဝါရီ ၂၂

ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ရေတာရှည်မြို့နယ်လမ်းအပိုင်းရှိ အရှည်ပေ ၁၀၀ရှိ ဝွေးသဲချောင်းတံတား၊ အရှည်ပေ ၁၅၀စီရှိသော ဘင်ဖြဲတံတားနှင့် နဂျပ်ချောင်း တံတား၊ အရှည်ပေ ၄၀ရှိသော သစ်ဖြူချောင်းတံတားနှင့် ယင်းတို့၏ ချဉ်းကပ် ကျောက်ချောလမ်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ ကို ဖေဖော်ဝါရီ ၁၄ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင် နီယာ ဦးသက်နိုင်ဦးတို့က ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၂၄-၂-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(အာဠွာနာဋိယသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၈) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၂) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ဆီနဲ့ရေ)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆ :၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပုစွန်ငါးပေါင်းထုပ်)
၁၇:၁၀ Current Song(11)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၈)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (လာမယ့်ဘေး ပြေးတွေ့)
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီခင်မို့မို့အေး)
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀ တေးပဒေသာ
၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ (ကန်စွန်းဥ၏ အစွမ်း) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဖေဖော်ဝါရီ ၆ရက်က ကျင်းပသော လှိုင်မြို့နယ် ဘက်စုံပညာ ထူးချွန်ဆုပေးပွဲတွင် ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး စံပြပထမဆု နှစ်နှစ်ဆက်တိုက်ရရှိသော အမက (၂)မူလွန်လှိုင်မှ ဆရာမကြီး ဒေါ်နု သာအေးအား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။

(ပညာရေး)

ချင်းတွင်းမြစ်ကျော် အုန်းတော-ညောင်ပင်ကြီး မဟာဓာတ်အားလိုင်းကြိုးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ချိန် ရေလမ်းကြောင်းခေတ္တပိတ်ထားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)မှ ချင်းတွင်း မြစ်ကျော် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ် မုံရွာမြို့ နတ်လူထိပ်ပန် ရပ်ကွက်အနီး ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းမှ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ပလောင်ရွာအနီး ချင်းတွင်းမြစ်အနောက်ဘက်ကမ်းသို့ ဖြတ်ကျော် ကြိုးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မဟာဓာတ်အားလိုင်း မြစ်ကျော်သွယ်တန်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၂ရက်အထိ နေ့စဉ် နံနက် ၆နာရီမှ ညနေ၆နာရီအထိ ဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်သည်။

မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းခွင်၏ မြစ်ညာဘက်နှင့် မြစ်ကြောဘက်မြစ်အတွင်းတွင် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ ရေယာဉ်များဖြင့် ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်သော်လည်း ကုန်စည်စီးဆင်းမှုကို အဟန့်အတား မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းသည့်အချိန်များတွင် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကြပ်မတ်ကွပ်ကဲမှုဖြင့် ရေယာဉ်များအား ဖြတ်သန်းခွင့် ပြုမည်ဖြစ်သည်။ အဆိုပါ ရေကြောင်းအား ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာတွင် ခေတ္တရပ်နား စောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ကြပ်မတ်ကွပ်ကဲမှုဖြင့်သာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဘောလည်ကျွန်းဒေသ ငွေပင်လယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ ကျော့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာအုပ်စု၌ ကျင်းပသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပန္နက်တင်အုတ်မြစ်စီ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဆေးရုံဆောက်လုပ်လှူဒါန်းမည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပန္နက်တင်အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အုတ်မြစ်တော် အလယ်ဗဟို၌ ရတနာ ငွေကြုတ်ကို ထည့်သွင်းမြှုပ်နှံပေး၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ရတနာအုတ်များကို ထည့်သွင်းပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရတနာငွေကြုတ်ပေါ်၌ ကမ္ဗည်းမော်ကွန်းကြေးပြားကို ဖုံးအုပ်ပေးကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဘောလည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဘောလည်ကျွန်းဒေသရှိ အခြေခံပညာကျောင်းများပြင်ဆင်ရေး အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဘောလည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ပြည့်မီအောင်စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကြမန်းကျေးရွာအနီးရှိ ဒဂုံစိုက်ပျိုးမွေးမြူရေးအဖွဲ့ရုံးသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ဘောလည်ကျွန်းဒေသ ရေနက်ကွင်း မြေလွတ်မြေရိုင်း ဖော်ထုတ်ရေးစီမံကိန်းနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်လျာထားဧက ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရွှေကြာပြတ်ဒေသ၌ မြေယာထွန်ယက်နေမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများ၊ ရေတွင်းကုန်း- မြို့ချောင်း - တော်လတီလမ်း၌ ကွန်ကရစ်တံတား တည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဘောလည်ကျွန်းဒေသ ငွေပင်လယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တာဝန်ရှိသူတစ်ဦးက လုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

အိန္ဒိယသမ္မတနိုင်ငံ **Ministry of External Affairs, Government of India** အစီအစဉ်အရ **Entrepreneurship Development Institute Ahmedabad** ၌ ဖွင့်လှစ်သင်ကြားခဲ့သည့် **Entrepreneurship & Small Business Promotion Course** သင်တန်းသို့တက်ရောက်ပြီး မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်ဒေါ်ဇာဇာဌေး (မှန်ချို)နှင့် အသင်းဝင်ဒေါ်ဖြူဖြူမြင့်နိုင်တို့ ဖေဖော်ဝါရီ ၁၉ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆို သူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၆)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှားနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုးအား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် (စီးပွားရေးဌာန) Mr.Gopokson T. Situmorang သည် ဖေဖော်ဝါရီ ၁၅ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး အင်ဒိုနီးရှားစီးပွားရေးလုပ်ငန်းရှင် ၂၀ခန့်ပါဝင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်၍ ဖေဖော်ဝါရီ ၂၅ ရက်၌ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးကြမည့် ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များတွင် စားသောက်ကုန်လုပ်ငန်း၊ အဝတ်အထည်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ သစ်သားပရိဘောဂများ၊ လက်မှုပစ္စည်းများ၊ သတ္တုတွင်းလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာလုပ်ငန်းများ၊ အလှကုန်ပစ္စည်းများ၊ လေကြောင်းလိုင်းဆိုင်ရာ လုပ်ငန်း၊ စက်ဆီချောဆီလုပ်ငန်းစသည်တို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းရှင်များပါဝင်ကြမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်၍ အကျိုးတူလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် စိတ်ဝင်စားသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် အသင်းချုပ်ရုံး ဖုန်း-၂၁၄၃၄၄-၄၉သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုံမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ရန်ကုန်မြို့ အလုံမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်(စနေနေ့) ညနေ ၅နာရီတွင် အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

ကျင်းပခဲ့

အခမ်းအနားတွင် သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်စိုး (တွဲဖက်အတွင်းရေးမှူး-၁)က မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်း၍ ဥက္ကဋ္ဌ ဧည့်ဝတီဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ-၁ ဦးစောထူးဝါမိုး၊ ဒုတိယဥက္ကဋ္ဌ-၂ သုံးခွ ဦးအုန်းသောင်၊ အတွင်းရေးမှူး ဦးအောင်နိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးမွန်၊ ပြန်ကြားရေးမှူး ဦးသိန်းဟန်သိန်း၊ စည်းရုံးရေးမှူး W ဦးအောင်လီနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်နီနီ၊ ဦးမျိုးထက်နှင့် တက္ကသိုလ်မောင်ဝင်းတင်တို့ပါဝင်သော မြို့နယ်ဂီတ အစည်းအရုံး စည်းရုံးရေးကော်မတီကို ခန့်အပ်လိုက်သည်။ ထို့နောက် မြို့နယ်ဂီတ အစည်းအရုံး ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲ ကျင်းပသည်။ **(သတင်းစဉ်)**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ပညာထူးချွန် ပထမဆုရကျောင်းသူတစ်ဦးအား မိဘဆရာအသင်း အမှုဆောင်ကော်မတီဝင်က ဂုဏ်ပြုဆုပစ္စည်းချီးမြှင့်ပေးအပ်စဉ်။ (ဝ၀၂)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၁၇)ကို ယနေ့ ဖြန့်ချိထားသည်။

မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် မော်ဒယ်နိမ့်ကားများဖယ်ရှားသင့်၊ မလေးရှားရှိ ရွှေ့ပြောင်းအလုပ်သမားများ ဒုက္ခ၊ ပြည်မြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကြိုတင်ကာကွယ်သည့်အနေဖြင့် ကြက်ဘဲရောင်းချခြင်းကို ယာယီတားမြစ်ပိတ်ပင်၊ အိန္ဒိယရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် တိုးချဲ့မြှုပ်နှံ၊ အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာ မျှော်မှန်းချက်များနှင့် စမ်းသပ်ခွင့်ပြုသည့် ပုဂ္ဂလိကကျောင်းများ၊ နာဂစ်ကြောင့်ပျက်စီးသွားသော မြတ်သဏ္ဍာ သင်္ဘောပြင်ဆင်ပြီး၍ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ပြန်လည်ငှားရမ်းနိုင်တော့မည်ဟုဆို၊ ဓာတ်မှန်ခန်းအပါအဝင် (၂၅)ခုတင်ဆံ့ ဆေးရုံသစ် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် တည်ဆောက်ပြီးစီး၊ ဈေးများတွင် ကြက်ဘဲများကို မရောင်းချမီစစ်ဆေးလျက်ရှိ၊ မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော သဃ်န်းကျွန်းဈေးကို အဆင့်မြင့်ငါးထပ်ဈေးကြီးအဖြစ် ပြန်လည်တည်ဆောက်မည်၊ ဆင်ရိုင်းအနင်းခံရ၍ သေဆုံးမှုတစ်ခု တိုက်ကြီးမြို့နယ်တွင် ဖြစ်ပွား၊ အယောင်ဆောင်လိမ်လည်၍ ငွေတောင်းယူသူ ဦးစီးမှူးအတု အရေးယူခံရ၊ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းရှိ ကျေးရွာများကို ပြောင်းရွှေ့မည်ဆိုသည်မှာ ကောလာဟလသာဖြစ်၊ စက်သုံးဆီတင်သွင်းရန် အဆိုပြုလွှာတင်ထားသည့် လုပ်ငန်းရှင်များ ဆီသိုလှောင်ကန်ဆောက်လုပ်ရန် နေရာအခက်အခဲရှိပါက YCDC နှင့် တယက တို့ညှိနှိုင်းပြီး တည်ဆောက်ပေးမည်၊ ငါးထပ်အဆောက်အအုံ မင်းရဲကျော်စွာဈေး တည်ဆောက်မည်ဖြစ်၊ နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမရွေးချယ်မည့် အလွတ်တန်း မြင်းစီးပြိုင်ပွဲတစ်ခု ကျင်းပမည်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးအိုဈေးဟောင်းများကို မကြာမီ အဆင့်မြင့်ဈေးများအဖြစ် တည်ဆောက်သွားမည်၊ လျှပ်စစ်မီးပြတ်တောက်မှုများနေပြီး မီးအားမပြည့်သဖြင့် ရန်ကုန်မြို့ရှိ အထပ်မြင့် အဆောက်အအုံများ ရေအခက်အခဲရှိနေ၊ ရှမ်းရိုးရာ ချည်ထည်များ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရန်စီစဉ်လာ၊ အစ္စရေး၏ ဟားမာ့စ်ခေါင်းဆောင်လုပ်ကြံမှုက နောက်ဆက်တွဲ သွေးချောင်းစီးစေမည့် ကလဲ့စားချေမှုဖြစ်လာတော့မည်၊ ဒူဘိုင်းတွင် ဟားမာ့စ်အကြီးအကဲ သတ်ဖြတ်ခံရမှုအတွက် မော့ဆက်အဖွဲ့ခေါင်းဆောင်အား အဖမ်းခံရန် ဒူဘိုင်းရဲတပ်ဖွဲ့အကြီးအကဲပြောကြား စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

ပထမဆုံး ပြည်တွင်းဖြစ်ဖျက်သင်္ဘော အီရန်နိုင်ငံတွင် စတင်ရေချ

တီဟီရန် ဖေဖော်ဝါရီ ၂၂

အီရန်ရေတပ်သည် ယင်း၏ပထမဦးဆုံး ပြည်တွင်းလုပ် ဖျက်သင်္ဘောတစ်စင်းကို အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီ၏ရှေ့မှောက်တွင် ဖေဖော်ဝါရီ ၁၉ရက်က စတင်ရေချလိုက်သည်ဟု အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော ပြိုဟ်တုရုပ်မြင်သံကြား အစီအစဉ်က ကြေညာသည်။

အဆိုပါ ဖျက်သင်္ဘောကို ခေတ်မီရေဒါများ တပ်ဆင်ထားကြောင်း၊ ထို့အပြင် အီလက်ထရွန်နစ်စစ်ရေးကိရိယာများလည်း တပ်ဆင်ထားကြောင်း အီရန် ရုပ်မြင်သံကြား အစီအစဉ်က ကြေညာသည်။

တည်ဆောက်ရေး

အီရန်နိုင်ငံအနေဖြင့် အနာဂတ်ကာလ၌ ပိုမိုတန်ဖိုးရှိပြီး အံ့သြလောက်သောရေတပ်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ပြုလုပ်ရမည့်အချိန်ဖြစ်ကြောင်းဖြင့်လည်း အီရန်ထိပ်တန်းခေါင်းဆောင်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အယ်လ်ဂျီးရီးယား၌ အကြမ်းဖက်သမားများ လုံခြုံရေးတပ်ဖွဲ့ ချေမှုန်း

အယ်လ်ဂျီးယာ့စ် ဖေဖော်ဝါရီ ၂၂

အယ်လ်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ အယ်လ်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့က ထိုးစစ်ဆင်နွှဲမှုအတွင်း အကြမ်းဖက်သမား သုံးဦးသေဆုံးပြီး သုံးဦးလက်ရဖမ်းမိကြောင်း ဒေသဆိုင်ရာ သတင်းစာက ဖေဖော်ဝါရီ ၂၀ရက်တွင် ဖော်ပြသည်။

ရေးသား

လုံခြုံရေးတပ်ဖွဲ့သည် တီဂီအိုဇုပြည်နယ် အက်ဇီဖန်ခရိုင်၌ ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းတွင်ချုံခိုတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား နှစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဖမ်းမိသည်ဟု ယင်းသတင်းစာတွင် ဖော်ပြသည်။ အဆိုပါစစ်ဆင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်ကိုမူ ထည့်သွင်းရေးသားခြင်း မရှိပေ။

ဖမ်းဆီး

ထို့ပြင် ဘူမာဒက်စ်ပြည်နယ် ဒီလက်စ်ဒေသ၌ လုံခြုံရေးတပ်ဖွဲ့က အကြမ်းဖက်သမားတစ်ဦးအား သုတ်သင် ရှင်းလင်းခဲ့ပြီး အခြားနှစ်ဦးကိုဖမ်းဆီးခဲ့ကြောင်းဒေသဆိုင်ရာသတင်းရပ်ကွက်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆီးရီးယားနှင့်ပြင်သစ် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မည်

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂

ဆီးရီးယားနှင့် ပြင်သစ်အစိုးရတို့ အနေဖြင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံရေး၊ စီးပွားရေးအပါအဝင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၌နှစ်ဦးနှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၂၀ရက်တွင် လက်မှတ်ရေးထိုးကြကြောင်း ဆာနာသတင်းဌာနက ထုတ်လွှင့်သည်။

ရောက်ရှိလာ

ပြင်သစ်ဝန်ကြီးချုပ် ဖရန်ကွိုင်ဖီလိုသည် နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် ဆီးရီးယားနိုင်ငံသို့ ဖေဖော်ဝါရီ ၁၉ရက်က ရောက်ရှိလာခဲ့သည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံအစိုးရများသည် ဆီးရီးယားသို့ ခရီးသည်တင် လေယာဉ် ၁၄ စင်း ရောင်းချမည့် အစီအစဉ်ပါဝင်သည့် အချက် ၁၁ချက်ပါ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကော့ကေးဆပ် ဗုံးပေါက်ကွဲမှု နှစ်ဦးသေဆုံး

မော်စကို ဖေဖော်ဝါရီ ၂၂

ရုရှားနိုင်ငံမြောက်ပိုင်း ကော့ကေးဆပ်ဒေသရှိ အကြီးဆုံးမြို့ဖြစ်သော အင်ဂွတ်၌ ဖေဖော်ဝါရီ၂၀ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးထက်မနည်းသေဆုံးပြီး ၂၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံး

အင်ဂွတ်မြို့ရှိ အိမ်တစ်အိမ်တွင် ဗုံးပေါက်ကွဲခဲ့ပြီးနောက် အရပ်သားတစ်ဦးနှင့် ဒေသခံရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ကြသည်ဟု ရုရှားသတင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

အရေးပေါ်ဆင်းသက်

ဂျပန်နိုင်ငံ တိုကျိုမြို့မှ ဝါရှင်တန်မြို့သို့ ပျံသန်းမည့် အမေရိကန်လေကြောင်းပိုင် ခရီးသည်တင်လေယာဉ်သည် တိုကျိုမြို့ နာရီတာလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။

(ယင်းဖြစ်စဉ်တွင် လေယာဉ်ခရီးသည် ၁၈ဦး ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

နီပေါနိုင်ငံ ခတ္တမန္ဒူ မြို့၌ (၈)ကြိမ်မြောက် လက်မှုပညာပြပွဲတွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဖောက်ကလန်ကျွန်း၌ ရေနံရှာဖွေရန်စီစဉ်မှု ဗင်နီဇွဲလားသမ္မတ ဗြိတိန်ကိုဝေဖန်

ကရာကတ်စ် ဖေဖော်ဝါရီ ၂၂

ရေနံအတွက်ဗြိတိန်နိုင်ငံက အလျင်စလိုဆောင်ရွက်နေခြင်းသည် ဖောက်ကလန်ကျွန်းစုတွင် နိုင်ငံတကာဥပဒေကို မထီမဲ့မြင်လုပ်ရာရောက်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဖေဖော်ဝါရီ၁၉ရက်တွင်ပြောကြားလိုက်ပြီး ဖောက်ကလန်ကျွန်းစုကို အာဂျင်တီးနားသို့ ပြန်လည်လွှဲပြောင်းပေးရန် တောင်းဆိုလိုက်သည်။

စီစဉ်နေ

ဖောက်ကလန်ကျွန်းတွင် ရေနံတူးရန် စီစဉ်နေခြင်းနှင့်ပတ်သက်၍ အာဂျင်တီးနားက ဆန့်ကျင်ကန့်ကွက်ခြင်းကို မိမိထောက်ခံကြောင်း၊ဖောက်ကလန်ကျွန်းတွင် ဗြိတိန်အခြေစိုက် ဒီဆဲယားပက်ထရို လီယမ်အပါအဝင်ရေနံကုမ္ပဏီများကကမ်းလွန်ဒေသအနီးတစ်ဝိုက်တွင် ရေနံနှင့် ဓာတ်ငွေ့ရှာဖွေရန် စီစဉ်နေကြောင်း ၄င်းကဆိုသည်။

ဗြိတိန်နိုင်ငံသည် ယခုအခါ မြောက်ပင်လယ်ရှိ ယင်းတို့ပိုင် ရေနံတွင်းများ ခန်းခြောက်နေပြီဖြစ်သဖြင့် ရေနံကို အရေးတကြီး ရှာဖွေနေကြောင်းဖြင့်လည်း ဟူဂိုချာဗက်ဇ်က ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျို့မြို့တွင် ရိုးရာနှစ်ကူးပွဲတော်ကာလပိတ်ပွဲ၌အသုံးပြုရန် ယုန်ရုပ်ပုံ သဏ္ဍာန်မီးအိမ်များ ပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ဖိလစ်ပိုင်နိုင်ငံ၏ ဘဏ္ဍာရေးလိုငွေပြမှု အမေရိကန်ဒေါ်လာ ဖ်ဘီလီယံကျော်ရှိ

မနီလာ ဖေဖော်ဝါရီ ၂၂

ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၀၉ခုနှစ် ဘဏ္ဍာရေးလိုငွေပြမှုသည် အမေရိကန် ဒေါ်လာ ၆ဒသမ ၄၂ဘီလီယံအထိရှိကြောင်း၊ တစ်နည်းဆိုရပါက ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း တိုင်းပြည်ထုတ်ကုန်တန်ဖိုး၏ ၃ဒသမ၉ရာခိုင်နှုန်းရှိကြောင်း ဖိလစ်ပိုင်အစိုးရက ဖေဖော်ဝါရီ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဘေးဆိုးကပ်ဆိုး

ယင်းကဲ့သို့ လိုငွေပြမှု မြင့်တက်လာရခြင်းမှာ ကမ္ဘာ့စီးပွားရေးကျဆင်းမှုအပြင် ဖိလစ်ပိုင်နိုင်ငံကို ထိခိုက်စေသော ဘေးဆိုးကပ်ဆိုးအန္တရာယ်ဆိုးများ ကျရောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

လျာထား

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၀၈ခုနှစ်တွင် ဘဏ္ဍာရေးလိုငွေပြမှု အမေရိကန် ဒေါ်လာ ၅ဒသမ၃၈ဘီလီယံရှိခဲ့ကြောင်း၊ ဖိလစ်ပိုင်အစိုးရအနေဖြင့် ၂၀၀၉ခုနှစ်တွင် လိုငွေပီဆိုဘီလီယံ၂၉၀ရှိမည်ဟု မျှော်လင့်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဘဏ္ဍာရေးလိုငွေ ပီဆို ၂၉၃ဘီလီယံ ရှိမည်ဟု လျာထားကြောင်းဖြင့်လည်း ဖိလစ်ပိုင်အစိုးရက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

များပြား

မိမိတို့အနေဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် အကောက်ခွန်မှရငွေ တိုးတက်ရရှိခဲ့ရာ မိမိတို့မျှော်လင့်ထားသည်ထက် အခြေအနေကောင်းမွန်မည်ဟု ယူဆခဲ့သော်လည်း အခြေခံအဆောက်အအုံများအတွက် ကုန်ကျစရိတ်များပြားသဖြင့် မျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာခဲ့ကြောင်းဖြင့်လည်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

(အင်တာနက်)

ရုရှားအင်ဂူးရှီးရှား၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ ၃၃ဦးဒဏ်ရာရရှိ

နာဇရန် ဖေဖော်ဝါရီ ၂၂

ရုရှားနိုင်ငံ အင်ဂူးရှီးရှားဒေသတွင် ဖေဖော်ဝါရီ ၁၉ရက်က ဗုံးပေါက်ကွဲမှုဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး အဆင့်မြင့်ရဲအရာရှိများအပါအဝင် ၃၃ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ဒဏ်ရာရရှိသူ ရဲအရာရှိအများစုသည် ကနဦးဗုံးပေါက်ကွဲရာနေရာသို့ ရောက်ရှိလာကြသူများဖြစ်ကြောင်း၊ ယင်းရဲအရာရှိများကို အကွက်ဆင်မှုုးခေါ်ပြီးမှ ထပ်မံဗုံးခွဲတိုက်ခိုက်လိုက်သည့်အတွက် ယင်းကဲ့သို့ ဒဏ်ရာရရှိသွားကြခြင်းဖြစ်ကြောင်းဖြင့်လည်း အဆိုပါအာဏာပိုင်များကပြောကြားသည်။

ပြောကြား

ယင်းဗုံးပေါက်ကွဲမှုကြောင့် ရဲအရာရှိတစ်ဦးနှင့် အိမ်ရှင်တစ်ဦးတို့သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူစုစုပေါင်း ၃၃ဦးကို ဆေးရုံသို့ပို့လိုက်ရကြောင်း၊ ဒဏ်ရာရသူများအနက် ၂၂ဦးမှာ ရဲအရာရှိများဖြစ်ကြောင်းဖြင့်လည်း အာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဂျင်တီးနားနိုင်ငံမြို့တော် မုန်တိုင်းတိုက်ခတ်၊ မိုးကြီးရေလျှံ

ဗျူနိုစ်အေရိစ် ဖေဖော်ဝါရီ ၂၂

အာဂျင်တီးနားနိုင်ငံ၏မြို့တော် ဗျူနိုစ်အေရိစ်တွင် ဖေဖော်ဝါရီ၁၉ရက်က အင်အားပြင်းထန်သည့် လေမုန်တိုင်း မိနစ်၉၀ခန့် တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မီလီမီတာ၉၀ခန့်ရှိသည်အထိ မော်ဒိုနာဒိုချောင်းရေလျှံတက်ခဲ့ရပြီး ယာဉ်အသွားအလာ ပြတ်တောက်ခဲ့ကြောင်း အင်တာနက်သတင်းတွင်ပါရှိသည်။

ရပ်ဆိုင်းထား

ယင်းမြို့ရှိ မြေအောက်ရထားလမ်း ငါးခုမှသုံးခုတွင် ရထားအသွားအလာရပ်ဆိုင်းထားရပြီး ကျန်နှစ်ခုတွင်လည်း ပုံမှန်ခုတ်မောင်းနိုင်ခြင်းမရှိသေးဟုဆိုသည်။

အီဇိုင်ဇာ နိုင်ငံတကာလေဆိပ်တွင် ပြည်တွင်းပြည်ပ လေယာဉ်ခရီးစဉ်များအားလုံး နှောင့်နှေးကြန့်ကြာလျက်ရှိသည်။

(အင်တာနက်)

ရိုမေးနီးယားနိုင်ငံဘူခါရက်မြို့၌ ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျရောက်သဖြင့် ရထားလမ်းများ၌ နှင်းများ ဖုံးလွှမ်းနေသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ထာဝစဉ်ရှင်သန်အပ်သည့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

တိုး
ရေးသားသည်

လုံခြုံမှုမရှိလျှင် ဘယ်လိုနည်းနှင့်မျှ ငြိမ်းချမ်းရေးမရနိုင်။ တစ်ဖန် ငြိမ်းချမ်းရေးမရရှိလျှင် လုံခြုံသည်ဟုမဆိုနိုင်လောက်ပေ။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို နိုင်ငံတကာအဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်သည်။ ယခုအခါ ထိုအဖွဲ့အစည်းမှာ ကုလသမဂ္ဂအဖွဲ့ကြီးဖြစ်ပါသည်။ တစ်ချိန်ကမူ နိုင်ငံပေါင်းချုပ်အသင်းကြီး ပေါ်ပေါက်တာဝန်ယူခဲ့ဖူးသည်။

၁၉၃၇ခုနှစ်က ရှေ့တန်းစစ်မျက်နှာသို့ ချီတက်ကြသည့် တရုတ်အမျိုးသားတော်လှန်ရေးတပ်ဖွဲ့ဝင်များ။

ဤနိုင်ငံတကာ အဖွဲ့အစည်းတို့မှာ နိုင်ငံတကာအစိုးရမဟုတ်သဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းသည်ဆိုပေမယ့် လုပ်ထုံးလုပ်နည်းအရသာ သဘောတူဆုံးဖြတ်အကောင်အထည်ဖော်ရသည်။ ထို့ကြောင့် ထိရောက်သည်လည်းရှိ၏။ အရာမထင်သည်လည်းရှိသည်။ ကုလသမဂ္ဂအဖွဲ့တွင် အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိသဖြင့် အများဆုံး ၅၈နိုင်ငံသာပါဝင်သည့် နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် နှိုင်းစာလျှင် ပိုမို၍ အရာရောက်စရာ ရှိသည်။

ပေါ်ပေါက်

သို့သော် ပြောင်းလဲလာသော အခြေအနေများအရ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရသည်မှာ ကုလသမဂ္ဂအဖွဲ့ရော နိုင်ငံပေါင်းချုပ်အသင်းကြီးအတွက်ပါ မလွယ်ကူလှကြောင်း သမိုင်းက သက်သေပြလျက်ရှိသည်။ ငြိမ်းချမ်းရေး၏အရသာ၊ လုံခြုံရေး၏အရသာ ငြိမ်းချမ်းရေး၏တန်ဖိုး၊ လုံခြုံရေး၏တန်ဖိုးကို စစ်ဖြစ်သည့်အခါတွင် ပိုမိုသဘောပေါက်အလေးထားတတ်ကြသည်။ သို့မို့ကြောင့်ပင် ဤအဖွဲ့ကြီးနှစ်ဖွဲ့သည် ပထမနှင့် ဒုတိယကမ္ဘာစစ်ကြီးများအပြီးတွင် အသီးသီးပေါ်ပေါက်လာရခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်လာခြင်းနှင့်အတူ၊ အရှေ့အုပ်စုနှင့် အနောက်အုပ်စုထိပ်သီးတို့၏ စစ်အေးတိုက်ပွဲကြောင့် သမားရိုးကျလက်နက်သာမက၊ မဟာဗျူဟာမြောက် လက်နက်များပါ အပြိုင်တပ်ဆင်လာတတ်မှု၏ နောက်ဆက်တွဲပြဿနာတစ်ရပ်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လာခြင်းဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရာ၌ သမိုင်းကိုပြန်ကြည့်လျှင် နိုင်ငံပေါင်းချုပ်အသင်းကြီးသည် စစ်ပြီးခေတ်နယ်မြေအငြင်းပွားမှုပြဿနာများကို ဖြေရှင်းပေးရုံမျှမက နိုင်ငံများအကြားဖြစ်သော ပဋိပက္ခများ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖြစ်သော ပဋိပက္ခများကိုပါ ဖြေရှင်းပေးရကြောင်း တွေ့ရသည်။ ယင်း၏ အောင်မြင်မှုများအနက် နိုင်ငံတကာ ဘိန်းကုန်ကူးမှု၊ လိင်ကျေးကျွန်ပြုမှုတို့ကို ချေမှုန်းတိုက်ဖျက်နိုင်ခြင်းနှင့်တကွ ဒုက္ခသည်များ၏ပြဿနာကို ဖြေရှင်းပေးနိုင်မှုတို့ ပါဝင်သည်။ အထူးသဖြင့် ၁၉၂၆ခုနှစ်အတွင်း တူရကီမှ ဒုက္ခသည်များပြဿနာဖြစ်သည်။ ၁၉၂၂ခုနှစ်တွင် နန်ဆင်နိုင်ငံကူးလက်မှတ် တီထွင်ပေးလိုက်ခြင်းဖြင့် နိုင်ငံမဲ့ဒုက္ခသည်များအား နိုင်ငံတကာအသိအမှတ်ပြုကတ်ကိုင်ဆောင်ခွင့် ပထမဆုံးရရှိသွားခြင်းမှာ မှတ်သားစရာဖြစ်သည်။

ဂရိနှင့် ဘူလ်ဂေးရီးယား

၁၉၂၅ခုနှစ် အောက်တိုဘာလတွင် ဂရိနှင့် ဘူလ်ဂေးရီးယား နယ်စပ်အစောင့်များအကြား အခင်းဖြစ်ရာမှ နှစ်နိုင်ငံတိုက်ပွဲ စတင်ခဲ့သည်။ သုံးရက်အကြာတွင် ဂရိတပ်ဖွဲ့ဝင်များက ဘူလ်ဂေးရီးယားကို ကျူးကျော်သည်။ ဘူလ်ဂေးရီးယားအစိုးရက နိုင်ငံပေါင်းချုပ်အသင်းကြီးကို ကြားဝင်ပေးရန် ပန်ကြားသောအခါ အသင်းကြီးက ဂရိကျူးကျော်မှုကို ပြစ်တင်ရှုတ်ချပြီး ဂရိတပ်များရုပ်သိမ်းပေးရန်၊ ဘူလ်ဂေးရီးယားကို လျော်ကြေးပေးရန် တိုက်တွန်းသည်။ ဂရိနိုင်ငံက လိုက်နာပါ၏။ သို့သော် အသင်းကြီးအနေဖြင့် သူတို့အပေါ် ဆက်ဆံမှုနှင့် ကျူးကျော်မှုအရေးအခင်းအပြီး အီတလီအပေါ် ဆက်ဆံမှုတို့ မတူကွဲပြားကြောင်း စောဒကတက်သည်။

အရှေ့ဖျားအကျပ်အတည်း

မန်ချူးရီးယားအဖြစ်အပျက် သို့မဟုတ် အရှေ့ဖျား အကျပ်အတည်းမှာ ၁၉၃၁ခုနှစ် စက်တင်ဘာလ ၁၈ရက်က ဂျပန်တပ်များ ရှင်ယန်းကို ဝင်ရောက်မှုဖြစ်သည်။ ဂျပန်တပ်များသည် မန်ချူးရီးယားဒေသတစ်ခုလုံးကို သိမ်းပိုက်ပြီး ၁၉၃၂ခုနှစ် မတ်လ ၉ရက်တွင် တရုတ်ဧကရာဇ်ဟောင်း ပုယီကို ရုပ်သေးအစိုးရတင်လိုက်သည်။ မန်ချူးရီးယားကိုလည်း မန်ချူးကိုးဟု အမည်ပြောင်းသည်။ မန်ချူးကိုးနိုင်ငံသစ်ကို အီတလီနှင့် ဂျာမနီအစိုးရတို့သာ အသိအမှတ်ပြုပြီး ကျန်တစ်ကမ္ဘာလုံးကမူ မန်ချူးရီးယားသည် တရုတ်ပြည်၏ တရားဝင်အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူသည်။ ဤအရေးတွင် ဂျပန်သည် ကျူးကျော်သူဖြစ်ပြီး မန်ချူးရီးယားကို တရုတ်ပြည်သို့ပြန်ပေးရန် တောင်းဆိုသည့် လစ်တန်အစီရင်ခံစာတွင် ဖော်ပြသည်။ အစီရင်ခံစာကို နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ညီလာခံ၌ မတင်ပြမီမှာပင် တရုတ်ပြည်တွင်းသို့ ပိုမိုဝင်ရောက်မည်ဖြစ်ကြောင်း ဂျပန်က ကြေညာသည်။ ၁၉၃၃ခုနှစ် အသင်းကြီး၏ ညီလာခံ၌ ကျင်းပသောအခါ အစီရင်ခံစာကို ထောက်ခံမဲ ၄၂မဲ၊ ကန့်ကွက်မဲတစ်မဲဖြင့် အတည်ပြုလိုက်သည်။ ဂျပန်နိုင်ငံက တရုတ်ပြည် မန်ချူးရီးယားမှ တပ်ရုပ်သိမ်းပေးရမည့်အစား ရုပ်သိမ်းမပေးရုံမက နိုင်ငံပေါင်းချုပ်အသင်းကြီးမှ ထွက်သွားသည်။ မန်ချူးရီးယားသိမ်းပိုက်မှုမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဆိုဗီယက်ပြည်ထောင်စုမှ တပ်နီတော်က ထိုဒေသကို သိမ်းပိုက်လိုက်သောအခါမှ အဆုံးသတ်ခဲ့တော့သည်။

စပိန် အမျိုးသားရေးဝါဒီ လေယာဉ်များ ၁၉၃၆ ခုနှစ် နိုဝင်ဘာလ ကုန် ပိုင်း က မက် ဒ ရစ် မြို့တော်ကို ဗုံးကြဲ တိုက်ခိုက်ခဲ့စဉ်။

စပိန်ပြည်တွင်းစစ်

၁၉၃၆ခုနှစ် ဇူလိုင်လ ၁၇ရက်တွင် စပိန်စစ်တပ်က အာဏာသိမ်းခဲ့သည်။ စပိန်ရီပတ်ပလီကင်များ(စပိန်လက်ဝဲအစိုးရ)နှင့် အမျိုးသားရေးဝါဒီများ(ကွန်ဆာဗေးတစ်များ၊ စပိန်စစ်တပ်မှ အရာရှိများပါဝင်သော ကွန်မြူနစ်ဆန့်ကျင်ရေးသူပုန်များ)အကြား ပြည်တွင်းစစ်မှာ ရှည်ကြာသည်။

စပိန်နိုင်ငံ၏ ပိုင်နက်နယ်မြေတည်တံ့မှုနှင့် နိုင်ငံရေးလွတ်လပ်မှုကိုကာကွယ်ရန်အတွက် စပိန်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဗာရက်ဒဲဗာဗိုက ၁၉၃၆ခုနှစ် စက်တင်ဘာလတွင် နိုင်ငံပေါင်းချုပ်အသင်းကြီးအား လက်နက်များကူညီရန် မေတ္တာရပ်ခံသည်။ သို့သော် အသင်းကြီးမှ အဖွဲ့ဝင်နိုင်ငံများက စပိန်ပြည်တွင်းစစ်တွင် ဝင်ရောက်ဖြေရှင်းပေးခြင်းဖြင့်လည်းမပြုသကဲ့သို့ ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုကိုလည်း တားဆီးခြင်းမပြုကြပေ။ ဟစ်တလာနှင့် မူဆိုလီနီတို့က ဗိုလ်ချုပ်ကြီးဖရန်စစ္စကိုဖရန်ကို၏ အမျိုးသားရေးဝါဒီသူပုန်များကို ဆက်လက်ထောက်ခံပြီး ဆိုဗီယက်ပြည်ထောင်စုက စပိန်ရီပတ်ပလီကင်တို့ကို ကူညီအားပေးသည်။ ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက စပိန်ပြည်တွင်းစစ်၌ ပြည်ပစွက်ဖက်မှုများမပြုလုပ်ရန် တားမြစ်သည်။

တရုတ်- ဂျပန်ဒုတိယစစ်ပွဲ

၁၉၃၇ခုနှစ် ဇူလိုင်လ ၇ရက်တွင် ဂျပန်တပ်များက တရုတ်ပြည်ကို အပြည့်အဝ စတင်ကျူးကျော်သည်။ ထိုနှစ် စက်တင်ဘာလတွင် တရုတ်ကိုယ်စားလှယ် ဝယ်လင်တန်ကူးက နိုင်ငံပေါင်းချုပ်အသင်းကြီးအား ကြားဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံသည်။ အနောက်တိုင်းနိုင်ငံများကလည်း တရုတ်ပြည်အပေါ် စာနာထောက်ထားကြသည်။ သို့သော်လည်း တရုတ်ပြည်ကို စိတ်ဓာတ်ရေးရာ အားပေးထောက်ခံမှုမှအပ မည်သို့မျှ လက်တွေ့မကူညီနိုင်ပေ။ ထိုနှစ် အောက်တိုဘာလ ၄ရက်တွင် အသင်းကြီးက ယင်းကိစ္စကို အင်အားကြီးကိုးနိုင်ငံညီလာခံသို့ လွှဲပေးလိုက်ရသည်။ ဤသည်တို့မှာ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းမှုကဏ္ဍမှ အချို့ကိစ္စမျှသာဖြစ်သည်။

ကိုယ်ကျိုးစီးပွား

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရာများမှာ ကိုင်တွယ်ရန် လွယ်ကူလှသည်မဟုတ်ပေ။ မျက်မှောက်ကာလတွင်လည်း ပြဿနာများရှိသည်။ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်နေသမျှ ထိုပြဿနာများကို အလွယ်တကူဖြေရှင်းနိုင်မည်မဟုတ်။ ယခုအခါ ရာသီဥတုပြောင်းလဲမှုပြဿနာက ကမ္ဘာပေါ်ရှိ လူသားများသာမက သက်ရှိအားလုံးကို ဒုက္ခပေးမည့် စိန်ခေါ်မှုကြီးဖြစ်သည်ကို သတိမူကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် ထပ်မံစာရင်းသွင်းရန် လိုအပ်လာပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

အီရန် နျူကလီးယားစွမ်းအင် ထုတ်လုပ်မည်

အီရန်နိုင်ငံသည် လာမည့်လအနည်းငယ်အတွင်း နျူကလီးယားစွမ်းအင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း၊ အတိအကျအားဖြင့် လာမည့်လေးလအတွင်း ထုတ်လုပ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်မြို့၌ လက်နက်ကြီးများဖြင့်ပစ်ခတ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေ၌ ဖေဖော်ဝါရီ ၂၂ရက်တွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက လက်နက်ကြီးများဖြင့် နှစ်ကြိမ်ပစ်ခတ်ရာ အရပ်သားကားများ၊ အစိုးရရုံးအဆောက်အအုံများနှင့် နိုင်ငံခြားသံရုံးအချို့ ပျက်စီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တရုတ်မြောက်ပိုင်း ရှန်စီပြည်နယ်၌ ရေလွှမ်း

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် ဖေဖော်ဝါရီ ၂၂ရက် နံနက်က ရစ်ချ်တာစကေး ၄ဒသမ၈အဆင့်ရှိသည့် လှုပ်ပြီးနောက် မြစ်ချောင်းများ ရေလျှံမှုဖြစ်ပွားရာ အနီးဝန်းကျင်ဒေသများတွင် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဒေသခံ ထောင်ပေါင်းများစွာတို့ ရေဘေးဒုက္ခကြုံတွေ့ရလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အစ္စရေးတို့တိုက်ခိုက်မှု ပါလက်စတိုင်းတစ်ဦးသေဆုံး

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းသို့ အစ္စရေးတို့က ဖေဖော်ဝါရီ ၂၂ရက်၌ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းတစ်ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အင်ဒီဗားလွှန်းပြန်ယာဉ် အောင်မြင်စွာဆင်းသက်

*နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးခြောက်ဦးကို သယ်ဆောင်ပျံသန်းသွားသော အင်ဒီဗားအာကာသလွှန်းပြန်ယာဉ်သည် ၁၄ရက်ကြာ အာကာသခရီးစဉ်ပြီးဆုံးပြီးနောက် ဖေဖော်ဝါရီ ၂၁ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းသို့ ပြန်လည်ဆင်းသက်လာကြောင်း သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)***

နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ တူရကီရုပ်ရှင် ရွှေဝက်ဝံဆုဆွတ်ခူး

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဖေဖော်ဝါရီ ၂၁ရက်ကကျင်းပသည့် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ တူရကီရုပ်ရှင်ဇာတ်ကား Honey က ရွှေဝက်ဝံဆုဆွတ်ခူးရရှိခဲ့ကြောင်း ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက သတင်းထုတ်ပြန်သည်။

စွမ်းအင်တင်ပို့ရောင်းချရေး ဘာရိန်းနှင့် အီရန်ဆွေးနွေး

အီရန်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရောင်းချရန်အတွက် ဆွေးနွေးပွဲများကျင်းပရေး စီစဉ်ဆောင်ရွက်ရန် ဘာရိန်းကိုယ်စားလှယ်အဖွဲ့ အီရန်နိုင်ငံ တီဟီရန်မြို့သို့ ဖေဖော်ဝါရီ ၂၂ရက်က ရောက်ရှိလာသည်။ အီရန်နိုင်ငံမှ ဘာရိန်းနိုင်ငံသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၃၀၀မှ ကုဗပေသန်း ၅၀၀အထိ တင်ပို့ပေးရေး ဆွေးနွေးလျက်ရှိကြောင်း အီရန်ကသတင်းထုတ်ပြန်သည်။

ကမ္ဘာ့ကားထုတ်လုပ်မှု တောင်ကိုရီးယား ပဥ္စမနေရာရပ်တည်

တောင်ကိုရီးယားနိုင်ငံသည် ၂၀၀၉ခုနှစ်က မော်တော်ကားထုတ်လုပ်မှု တိုးတက်ခဲ့ရာ တစ်ကမ္ဘာလုံး မော်တော်ကားထုတ်လုပ်မှု၏ ပဥ္စမအဆင့်၌ ရပ်တည်နိုင်ခဲ့ကြောင်း၊ ၂၀၀၉ခုနှစ်တွင် မော်တော်ကားအစီးရေ ၃ဒသမ ၅သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက ဖေဖော်ဝါရီ ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ဂျပန်စူပါမားကတ်များ အရောင်းအဝယ်ကျဆင်း

ဂျပန်နိုင်ငံတွင် စူပါမားကတ်များ၌ အရောင်းအဝယ်ကျဆင်းလျက်ရှိရာ ပြီးခဲ့သည့် ဇန်နဝါရီလက ၄ဒသမ ၉ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယခု ဖေဖော်ဝါရီလ၌လည်း ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ဂျပန်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးဌာနက ဖေဖော်ဝါရီ ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

သီရိလင်္ကာမြောက်ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ပိုင်း မိုင်၂၀၀ခန့်အကွာ ကမ်းလွန်ကို ဗဟိုပြု၍ ဖေဖော်ဝါရီ ၂၂ရက် နံနက်က ရစ်ချ်တာစကေး ၅ဒသမ ၈အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)

အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှု လုပ်ငန်း စက်ဘီး စက်ရုံ (ရန်ကုန်)က ထုတ်လုပ်သော မောင်မြန် မာ စက် ဘီး များကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း စက်ဘီးစက်ရုံ (ရန်ကုန်) ကြည့်ရှုစစ်ဆေး ကုန်ထုတ်လုပ်မှုရည်မှန်းချက်အောင်မြင်ရေး ကြိုးစားဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၁ရက် နံနက် ၁၀နာရီခွဲက ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စက်ဘီးစက်ရုံ (ရန်ကုန်)သို့ရောက်ရှိပြီး ကျန်းမာရေးလေ့ကျင့်ခန်းစက်ဘီးနှင့် မောင်မြန်မာစက်ဘီးများ၏ ကြံ့ခိုင်မှုအခြေအနေ၊ စက်ဘီးစီးဝတ်စုံများ၊ ဆေးရုံသုံးဗီရို၊ **Wheel Chair**၊ လူနာတင်ခုတင်၊ ဆေးရုံခုတင်၊ သုံးဘီးလက်တွန်းလှည်းနှင့် လေးဘီးလက်တွန်းလှည်းများ၊ စက်ဘီးစက်ရုံ (ရန်ကုန်)မှ တီထွင်ထုတ်လုပ်သော လျှပ်စစ်မော်တော်ကားနှင့် စက်ဘီးအစိတ်အပိုင်း ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး၍ ခိုင်ခံ့သပ်ရပ်သောစက်ဘီးများ ပိုမိုထုတ်လုပ်ကြရန်နှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အောင်မြင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

စမ်းသပ်လည်ပတ်

ဝန်ကြီးဦးအောင်သောင်းသည် ယနေ့နံနက် ၁၁နာရီတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်၌ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော တစ်နေ့တန် ၂၀ကျ ကတ်ထူစက္ကူ စက်ရုံစီမံကိန်း (ရေနီ)သို့ရောက်ရှိပြီး ပျော့ဖတ်သန့်စင်စက်၊ စက္ကူအစိုပြုလုပ်စက်၊ ရေညှစ်စက်၊ အခြောက်ခံစက်၊ မျက်နှာပြင်ဆေးသား ထည့်စက်၊ စက္ကူအချောကိုင်စက်၊ စက္ကူလိပ်စက်နှင့် စက္ကူအချပ်ဖြတ်စက်များ စမ်းသပ်လည်ပတ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးက အရည်အသွေးပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက် ထုတ်လုပ်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တန် ၅၀ကျ သတင်းစာပျော့ဖတ်နှင့် တန် ၈၀ကျ ထုပ်ပိုးစက္ကူစက်ရုံ (ရေနီ)သို့ရောက်ရှိပြီး ဝါးနှင့် သစ်ပြုပြင်ဌာန၊ ကုန်ကြမ်းသစ်နှင့် ဝါးများ စနစ်တကျစုဆောင်းထားရှိမှု၊ ပျော့ဖတ်ချက်ဌာနနှင့် စက္ကူထုတ်လုပ်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အချိန်မီဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော နေပြည်တော်အုတ်စက်ရုံစီမံကိန်း (ပန်းတင်)သို့ ရောက်ရှိပြီး ပင်မစက်ရုံအဆောက်အအုံအတွင်း အုတ်ညှစ်စက်၊ အုတ်ဖြတ်စက်၊ မြေနယ်စက်၊ မြေအနုကြိတ်စက်နှင့် မြေကျွေးစက်တို့၌ စက်များတပ်ဆင်ပြီး ဝန်မဲ့စမ်းသပ်လည်ပတ်နေမှု၊ ဥမင်အခြောက်ခံဖိုနှင့် ဥမင်မီးဖိုများ တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၂-၂၀၁၀(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	**ရင်နှစ်ပန်းတို့ လန်းစေချင်**
၈း၂၀	၈။	ဆွာချောင်းတံတား
၈း၃၀	၉။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	နှောင်းခေတ်တေးပဒေသာ
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	ကြေးမုံရိပ်သွင် တေးနုယဉ်
၄း၄၀	၅။	၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ ဘာသာရပ်)
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၇။	တေးဂီတအစီအစဉ်
၅း၃၀	၈။	**မျှော်သူ မမောစေချင်**
၅း၄၅	၉။	ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၀	၁၃။	ဆိုလိုက်ကြစို့
၇း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဇာတ်သိမ်းပိုင်း)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၂၈)
	၁၉။	**ရုပ်ရှင်ပဟေဠိ**
	၂၀။	အစီအစဉ်ပြီး၏။

နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပုလဲမြို့နယ် ဇီးရင်းကျေးရွာ၌ ပေးအပ်

ပုလဲ ဖေဖော်ဝါရီ ၂၂

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကံကြီးကျေးရွာအုပ်စု ဇီးရင်းကျေးရွာတွင် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ကျေးရွာ မင်္ဂလာဖေယျုံ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်ငွေက ဦးစီးဌာန၏ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

လက်ခံယူ

ဆက်လက်၍ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးညွှန့်တင်က ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးတင်ငွေက အိမ်ထောင်စုလူဦးရေစာရင်း ၁၉စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၅ ကတ်အား စုစည်းပေးအပ်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးညွှန့်တင် လက်ခံယူသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း MCPA Exam;နှင့် Network ဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) မှ ကြီးမှူး၍ Implementing and Administering a Standardized Network ဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Center တွင် မတ် ၄ရက်မှ ၈ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် Network အခြေခံသဘောတရားများ၊ Standard များ အစပြုပြီး အဆင့်မြင့် မျက်မှောက်နည်းပညာရပ်များ၊ IPV6, Cat 6 Cabling, Hotspot, Infosecurity, WAN Technologies, Server Managements များပါဝင်ပြီး MPCA စာမေးပွဲများနှင့် Network အထူးပြု Certification များ ဖြေဆိုရာတွင် အထောက်အကူပြုမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ထားဝယ်အသင်း နှစ် ၁၀၀ပြည့် မဂ္ဂဇင်းထုတ်ဝေမည်

၂၀၁၁ခုနှစ်တွင် ထုတ်ဝေမည့် ထားဝယ်အသင်း နှစ် ၁၀၀ပြည့် မဂ္ဂဇင်းအတွက် ထားဝယ်ဒေသနှင့် သက်ဆိုင်သော သုတေသနဆောင်းပါးများ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ထားဝယ်အသင်းတိုက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၈၂၈ ဖုန်း-၂၂၂၂၁၉သို့ ဆက်သွယ်ပေးပို့နိုင်ပြီး နှစ် ၁၀၀ပြည့် ကျင်းပမည် ဖြစ်သောကြောင့် အသက် ၇၅နှစ်ပြည့်ပြီးသော်လည်း ကန်တော့ခံမဖြစ်ရသေးသော အသင်းဝင် ဘိုးဘွားများ ဧပြီ ၃၀ရက်နောက်ဆုံးထား၍ အသင်းသို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

သတင်းနည်းပညာကော်ပိုရေးရှင်း နှစ်ပတ်လည်စည်းဝေးမည်

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ် အစည်းအဝေးခန်းမ၌ မတ် ၆ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲ

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး အစီအစဉ်အရ ဖေဖော်ဝါရီ ၂၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)တွင် ပညာပေးဟောပြောပို့ချမည်ဖြစ်သည်။

မြန်မာစက်မှုပြပွဲ တပ်မတော်ခန်းမ၌ ကျင်းပမည်

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းကကြီးမှူး၍ မြန်မာစက်မှုပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများကို စုံလင်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲနှင့် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်လှူဒါန်းပွဲကို မတ် ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၃၇၅၅၉၄နှင့် ၃၈၈၆၀၃တို့သို့ ဆက်သွယ်နိုင်သည်။

ညောင်တုန်းမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)က ညောင်တုန်းမြို့နယ်၌ ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့) နံနက် ၈နာရီတွင် စုပေါင်းအလှူပွဲကျင်းပမည်ဖြစ်ရာ ဖုန်း-၆၄၁၄၃၅နှင့် ၂၀၃၅၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဘိုကလေးအသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၁ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်း မွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

အခြေခံ ယာဉ်မောင်းသင်တန်း တက်ရောက်နိုင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးအင်ဂျင်နီယာဌာနမှ အခြေခံယာဉ်မောင်းသင်တန်းကို အခြေစိုက် အလုပ်ရုံ-၃(မရမ်းကုန်း)၌ မတ် ၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး (စနေ၊ တနင်္ဂနွေ) အထူးသင်တန်းကို မတ် ၆ရက်၌ ဖွင့်လှစ်မည် ဖြစ်၍ ဖုန်း-၆၆၀၈၅၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြင်းတန်းခုန်စီးနှင့် ဒုန်းစီးပြိုင်ပွဲ ကျင်းပမည်

*အားကစားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပမည့် **Baron's Cup 2010** မြင်းတန်းခုန်စီးပြိုင်ပွဲနှင့် ဒုန်းစီးပြိုင်ပွဲကို မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ ဖေဖော်ဝါရီ ၂၇ရက်တွင် ကျင်းပမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

ကောက်လှိုင်းစပါး စုပုံနား မီးများမထားနှင့်

❒ *ကျော်ဖုံးမှ*

ကျောက်မဲနှင့် နောင်ချိုကြားက သမိုင်းဝင်နာမည်ကျော် ဂုတ်ထိပ်တံတားကြီးကို တောင်တန်းများနောက်တွင် နေရောင်မကွယ်မီ မှတ်တမ်းတင်နိုင်ခဲ့သည်။ ဂုတ်ထိပ်တံတားကြီးသည် နောင်ချိုမြို့နယ်အတွင်းမှ အထင်ကရ တံတားကြီး တစ်စင်းဖြစ်သည်။ မန္တလေး-လားရှိုး ရထားခရီးစဉ်သည် ဂုတ်ထိပ်တံတားကြီး ပေါ်မှ ဖြတ်သန်းသွားခြင်းဖြစ်ရာ ယခုတိုင် အရေးပါနေဆဲ ရထားတံတားကြီး ဖြစ်လေသည်။

နောင်ချိုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ရောက်သောအခါ ညနေ ၃နာရီ ကျော်နေလေပြီ။ နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကျေးရွာများသို့ သွားရောက်နေရသဖြင့် တွေ့ဆုံခွင့် မရခဲ့ချေ။ နောင်ချိုမြို့နယ် အတွင်းရေးမှူး ဒေါ်စန္ဒာစိုး၊ နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးနေလင်းထွန်းတို့နှင့်သာ တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု အခြေအနေများကို မေးမြန်းစေ့ငုခွင့် ရခဲ့သည်။

နောင်ချိုမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်က နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်မှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

မန္တလေးမြို့သို့ ခရီးဆက်ရမည်ဖြစ်၍ မြို့နယ်ရုံး၌ ခဏသာ စကားပြောဖြစ်ပြီး ဒုတိယဦးစီးမှူး ဦးနေလင်းထွန်း လိုက်ပါလျက် နောင်ချိုမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာရင်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။ နောင်ချိုမြို့ကွက်သည် သိပ်မကျယ်လှချေ။ မန္တလေး-လားရှိုးကားလမ်းသည် နောင်ချိုမြို့အတွင်းမှ ဖြတ်သန်းသွားခြင်းဖြစ်ပြီး လမ်းမကြီးဘေးတွင် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ရှိလေသည်။ နောင်ချိုမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာဖြစ်သည်။ မြို့နယ်ခန်းမကြီးမှာလည်း သစ်လွင်လှပခံ့ညားလှရာ မကြာမီကမှ တည်ဆောက်ပြီးစီးဟန်တူသည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရကို ရရာလက်နက်စွဲကိုင်၍ တော်လှန်ခဲ့သော ဆရာစံ၏ ရုပ်တုကိုလည်း မှတ်တမ်းတင်ဓာတ်ပုံရိုက်နိုင်ခဲ့သည်။ ဆရာစံရုပ်တုသည် မန္တလေး-လားရှိုး လမ်းမကြီးဘေးရှိ နောင်ချိုမြို့ မထသရုံး အဆောက်အအုံအနီးတွင် တည်ရှိရာ ကားပေါ်မှပင် မြင်နိုင်လေသည်။

ပဲခူးတိုင်း သာယာဝတီနယ်မှ ဆရာစံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ လာရောက်၍ တိမ်းရှောင်ပုန်းအောင်းနေစဉ် အင်္ဂလိပ်နယ်ချဲ့အစိုးရတပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ဆရာစံ အဖမ်းမခံရမီ ပုန်းအောင်းနေထိုင်ခဲ့သော ဘုန်းတော်ကြီးကျောင်းသည် မက်ချင်းနုရွာ၌ တည်ရှိ၍ မက်ချင်းနုကျောင်းတိုက်ဟု အမည်တွင်သည်။ ဆရာစံသည် သင်္ကန်းဝတ်ဖြင့် မန္တလေးမှတစ်ဆင့် နောင်ချိုသို့ ရထားဖြင့်လာခဲ့ပြီး လှည်းဖြင့် မက်ချင်းနုရွာသို့ လာခဲ့ကြောင်း သိရသည်။

ထိစပ်လျက်ရှိ

နောင်ချိုမြို့နယ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း ပါဝင်ပြီး မြို့နယ်အကျယ်အဝန်း ၁၂၆၅ ဒသမ ၆၁စတုရန်းမိုင်၊ မြို့အကျယ်အဝန်း ၁ဒသမ ၃၇၆၆ စတုရန်းမိုင် ဖြစ်သည်။ နောင်ချိုမြို့နယ်၏ အရှေ့ဘက်နှင့် မြောက်ဘက်တွင် ကျောက်မဲမြို့နယ်၊ အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၇၅၀ တွင် တည်ရှိပြီး တောင်ပေါ်ကုန်းမြင့်ပိုင်းနှင့် မြောက်ဘက်ချိုင့်ဝှမ်း မြေနိမ့်ပိုင်းဟူ၍ နှစ်ပိုင်းကွဲပြားလျက်ရှိသည်။

နောင်ချိုမြို့နယ်သည် အမြင့်ဆုံး အပူချိန် ၃၂ဒသမ ၃ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံးအပူချိန် ၇ ဒသမ ၈ ဒီဂရီစင်တီဂရိတ်၊ တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၅၁ ဒသမ ၇လက်မ၊ တစ်နှစ်လျှင် ပျမ်းမျှမိုးရွာရက် ၈၈ရက်ဖြစ်သည်။ နောင်ချိုမြို့နယ် အတွင်း ရေဆင်းနှင့် ရေအရင်းအမြစ်များ အဖြစ် ပြင်ဦးလွင်မြို့နယ်မှ ချောင်းဖျားခံလာသော ဂယ်လောင်းချောင်း၊ ကုလားတွဲ ကျေးရွာမှ ချောင်းဖျားခံလာသော ဖောင်းအော်ချောင်း၊ ဆိတ်ဖူးကျေးရွာမှ ချောင်းဖျားခံလာသော နမ်းပါစေးချောင်း၊ ကျောက်မဲမြို့နယ်မှ ချောင်းဖျားခံလာသော နမ့်တစ်ချောင်းတို့ရှိပြီး အဆိုပါချောင်း အားလုံးသည် ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်ကြသည်။

နောင်ချိုမြို့နယ်ရှိ ငွေရည်ပုလဲကုမ္ပဏီ၏ သကြားစက်၌ ကြံများကို ကြိတ်ဝါးရန် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အပင်ကြီးများ ပေါက်ရောက်

နောင်ချိုမြို့နယ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ထောက်ကြံ့၊ ယင်းငုပင်၊ သစ်မာ၊ သပြေ၊ ပိန္နဲ၊ တောင်ငွေး၊ ယမနေ၊ သင်းဝင်၊ တောင်တမာ၊ နှော၊ ရင်းတိုက်၊ ညောင် စသည့် အပင်ကြီးများ ပေါက်ရောက်ကြသည်။ တောရိုင်းတိရစ္ဆာန်များအဖြစ် ကျား၊ ဆင်၊ ချေ၊ မြွေနှင့် ဝက်ဝံ တို့ကို တွေ့ရှိရသည်။

နောင်ချိုမြို့သို့ ယခင်က အင်းစိမ်း စခန်းဟု ခေါ်တွင်ခဲ့သည်။ နောင်ချိုဟူသော ဝေါဟာရမှာ ရှမ်းဘာသာစကားဖြစ်၍ နောင်=အင်း၊ ချို=စိမ်းဟု အဓိပ္ပာယ်ရသည်။ အင်းစိမ်း (ကန်စိမ်း)ကို အစွဲပြု၍ နောင်ချိုမြို့ဟု ခေါ်တွင်ခဲ့သော်လည်း ယခုအခါ ယင်းအင်းစိမ်း(ကန်စိမ်း)ကြီး မရှိတော့ချေ။ ၁၈၉၉ခုနှစ် ဧပြီ၂ရက်က ဂုတ်ထိပ်တံတား စတင်တည်ဆောက်ချိန်မှစတင်၍ နောင်ချိုမြို့နယ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နောင်ချိုမြို့နယ်တွင် ဂုတ်ထိပ်တံတား၊ တဲနန်းတော်စေတီ၊ ရွှေစံဦးစေတီနှင့် သံသရာအေးစေတီ တို့မှာ ထင်ရှားသည်။

နောင်ချိုမြို့နယ်ကို မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅အုပ်စု၊ ကျေးရွာ ၂၅၁ရွာဖြင့် ဖွဲ့စည်းထားပြီး (၁၅-၉-၂၀၀၉အထိ) လူဦးရေ စုစုပေါင်း ၁၁၄၄၅၃ ဦး နေထိုင်ကြသည်။ နောင်ချိုမြို့နယ်တွင် လက်ရှိစိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၅၄၈၆၁ ဧက၊ အသားတင်စိုက်ပျိုးမြေ ၁၃၇၅၃၅ ဧက၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၁၄၆၀၀၃ ဧက ရှိသည်။

အဓိကစိုက်ပျိုး

နောင်ချိုမြို့နယ်တွင် မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲပုပ်နှင့် ပဲအမျိုးမျိုး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ရော်ဘာ၊ ကြံ၊ ပိုးစာ၊ ချင်း၊ နနွင်း၊ ငရုတ်ကောင်း၊ အာလူး၊ ကော်ဖီ၊ လက်ဖက်၊ ငှက်ပျောတို့ကို အဓိကစိုက်ပျိုးသည်။

နောင်ချိုမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ တွဲဖက် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၃၁ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်ပေး

နောင်ချိုမြို့နယ်တွင် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခု၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ ၁၉ခု၊ မိခင်နှင့်ကလေးကျန်းမာရေး ဌာနတစ်ခုတို့ကို ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။

နောင်ချိုမြို့နယ်အတွင်း လမ်းပန်း ဆက်သွယ်ရေး အဓိကလမ်းကြောင်းများ အဖြစ် မန္တလေး-လားရှိုးလမ်း(ပြည်ထောင်စု လမ်းမကြီး)၊ ရွှေညောင် - ရပ်စောက် - အင်တော-ကျောက်ဂူ-တောင်းခမ်း-နောင်ချို လမ်း၊ အုမ္မတီး-သုံးဆယ်-ဒိုးပင်-ရတနာ သိင်္ဂီလမ်း၊ ဝက်ဝံ-တောင်းခမ်းလမ်းတို့ ပါဝင်သည်။ နောင်ချိုမြို့နယ်အတွင်း ပေ ၁၈၀ အထက်တံတားများအဖြစ် ဒုဋ္ဌဝတီတံတား ၄၆၅ပေ၊ ဂုတ်တွင်းတံတား ပေ ၁၉၀နှင့် ရထားသွား ဂုတ်ထိပ်တံတား ပေ ၂၂၆၀တို့ ဖြစ်သည်။

ဆက်သွယ်ရေးကောင်းမွန်

နောင်ချိုမြို့နယ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့၏ နယ်စပ်၌ တည်ရှိသောကြောင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သည်။ နောင်ချိုမှ ပြင်ဦးလွင် ၃၆မိုင်၊ နောင်ချိုမှ မန္တလေး ၇၈မိုင်၊ နောင်ချိုမှ ကျောက်မဲ ၃၂မိုင်၊ နောင်ချိုမှ သီပေါ ၅၂မိုင်၊ နောင်ချိုမှ လားရှိုး ၉၇မိုင်၊ နောင်ချိုမှ ကံကြီး ၈½ မိုင်၊ နောင်ချိုမှ တောင်းခမ်း ၂၀½ မိုင် ကွာဝေးသည်။

နောင်ချိုမြို့မှ ပြင်ဦးလွင်ဘက်သို့ အထွက် မန္တလေး-လားရှိုးလမ်းမကြီးဘေးရှိ တောင်သူဦးလေးမောင်၏ စပါးသုံးဧကခွဲ စိုက်ကွက်၌ နောင်ချိုမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ မြေသြဇာကြဲပက်ခြင်းနှင့် တမန်းနှိုးခြင်းဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုလေ့လာဖြစ်သည်။

နောင်ချိုမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဒေါ်နန်းလွင်လွင်စိန်က "နောင်ချိုမြို့နယ်မှာ နွေစပါး၊ မိုးစပါး နှစ်မျိုးစလုံး စိုက်နိုင်တယ်၊ တစ်နှစ်ကို သုံးသီးစိုက်တယ်။ စပါး၊ ဂျုံ၊ စပါးဆိုပြီး သုံးသီးစားစိုက်နိုင်တာ ၃၂၅ဧကရှိတယ်၊ ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်မှာ နွေစပါး၇၈၄ဧက၊ မိုးစပါး(လယ်စပါး)၃၃၂၀၄ဧက စိုက်နိုင်ခဲ့ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

နောင်ချိုမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်း အဆောက်အအုံ....။ (သတင်းစဉ်)

နောင်ချိုမြို့နယ် မန္တလေး-လားရှိုး လမ်းမကြီး၏ မိုင်တိုင်အမှတ် (၆၅)ရှိ အုမ္မတီးကျေးရွာလမ်းဆုံမှ ရတနာသိင်္ဂီ သတ္တုမိုင်းသွားလမ်း မိုင်တိုင်အမှတ်(၂/၁) အနီး ဆမ္မဆယ်ကျေးရွာ အနောက်ဘက် ငါးဖာလုံခန့်အကွာ၌ ငွေရည်ပုလဲကုမ္ပဏီ၏ သကြားစက် တည်ရှိသည်။

ထုတ်လုပ်နိုင်

ယင်းသကြားစက်ကို ၈၆ ဒသမ ၄၆ ဧကပေါ်တွင် တည်ဆောက်ထားပြီး မျိုးမွား ခြံမှာ ဧက ၅၀၀ ကျယ်ဝန်းသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာတွင် စက်ရုံတည်ဆောက်မှု လုပ်ငန်းများအားလုံး ပြီးစီးခဲ့ပြီး ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ကြံကြိတ်ဝါးမှု စတင်နိုင်ခဲ့သည်။ အဆိုပါ သကြားစက်မှ ၂၀၀၈-၂၀၀၉ ကြံရာသီတွင် သကြားတန် ၁၅၆၀၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ငွေရည်ပုလဲကုမ္ပဏီသည် နောင်ချိုမြို့နယ်အတွင်း ကြံစိုက်တောင်သူများကို စရန်ငွေပေးချေ၍ ကြံများကို ကြိုတင်ဝယ်ယူခဲ့သည်။ ကြံအထွက်နှုန်း ကောင်းမွန်စေရေးအတွက် စက်ရုံမှ ကြံ မျိုးကောင်းမျိုးသန့်များ ထုတ်ပေးခြင်း၊ ကြံမြှုပ်ချေး ဇီဝမြေသြဇာနှင့် ကွန်ပေါင်းမြေသြဇာများ ထုတ်ပေးခြင်း၊ ပိုးသတ်ဆေးမျိုးစုံနှင့် အခြား ပံ့ပိုးမှုများကို အကြွေးစနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ကုန်ထုတ်လမ်းနှင့် တံတားများ ကောင်းမွန်စေရေးအတွက် ကုန်ထုတ်လမ်းဟောင်းအရှည် ၂၉ မိုင်နှင့် တံတားဟောင်းအစင်း ၈၀ ကို ပြုပြင်ပေးခဲ့ကြောင်း သိရသည်။



'နောင်ချိုမြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏' မြို့အဝင်ဆိုင်းဘုတ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များသို့ ၂၀၀၉ ခုနှစ် စက်တင်ဘာ အတွင်းက လေ့လာရေးခရီးလှည့်လည်ခဲ့ရာ နောက်ဆုံး ဝင်ရောက်လေ့လာဖြစ်သည်မှာ နောင်ချိုမြို့ကလေးပင်ဖြစ်သည်။ နောင်ချိုမြို့ဆိုသည်မှာ ခေါ်ဆို၍ကောင်းလှသော ချစ်စရာအမည်လေးဟု ထင်မိသည်။ မြို့ငယ်လေးတစ်ခုသာ ဖြစ်သော်လည်း အင်္ဂလိပ်နယ်ချဲ့အစိုးရကို သူ့ကျွန်မခံ စိတ်ဓာတ်ဖြင့် ရရာလက်နက်စွဲကိုင် တော်လှန်ခဲ့သော တောင်သူလယ်သမားကြီး ဆရာစံ၏ အထိမ်းအမှတ် ရုပ်တုရှိခြင်း၊ မန္တလေး-လားရှိုး ရထားလမ်းပေါ်မှ အထင်ကရ ဂုတ်ထိပ်တံတားကြီးတည်ရှိခြင်းနှင့် ငွေရည်ပုလဲကုမ္ပဏီ၏ သကြားစက်တည်ရှိခြင်းတို့ကြောင့် အမှတ်ထင်ထင် ဖြစ်ခဲ့ရသောမြို့များ အနက် တစ်မြို့အပါအဝင်ဖြစ်လေသည်။

ပန်းချီကားသဖွယ်

နောင်ချိုမြို့နယ်မှ တာဝန်ရှိသူများကို နှုတ်ဆက်၍ မန္တလေးမြို့သို့ ခရီးစတင် ထွက်ခွာချိန်တွင် အနောက်ဘက်တောင်ကြော၌ နေလုံးကြီး မေးတင်လျက်ရှိလေသည်။ ပုစွန်ဆီသွေးရောင် နေခြည်အလင်းတန်းများသည် မြသားရောင်စပါးခင်းများအပေါ်သို့ ဖြာဆင်းလျက်ရှိရာ အလင်းများသော သဘာဝ ပန်းချီကားတစ်ချပ်သဖွယ်ပင်။ ပြင်ဦးလွင်မြို့နယ်မှ ဝက်ဝံကျေးရွာကလေးသို့ ရောက်ရှိခဲ့ချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် လေ့လာရေးခရီးစဉ်သည် အောင်မြင်စွာ ပြီးဆုံးခဲ့ပါတော့သည်။ ။ **(သတင်းစဉ်)**



နောင်ချိုမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ကြံစိုက်ခင်း....။ (သတင်းစဉ်)

ရဲရွာ ရေအားလျှ
အဆောက်အအုံ လေ
စက်တပ်ဆင်အင်အား
တာဘိုင်နှင့် ဂျင်နရေတ
လျှပ်စစ်ဓာတ်အားစုစု
ပေးနိုင်မည်ဖြစ်။

ယခုအခါ တာဘိုင်
စမ်းသပ်ထုတ်လုပ်လျက်
ဓာတ်အားကို ဓာတ်အား
ဖြန့်ဖြူးပေးသွားမည်ဖြ

* *ရှေ့ဖုံးမှ*

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ် (၁)နှင့် (၂) တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ Switchyard လုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်ပါကြောင်း။

စမ်းသပ်ထုတ်လုပ်

ယခုအခါ တာဘိုင်အမှတ်(၁)မှ လျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း၊ ကျန်တာဘိုင်သုံးလုံးကိုလည်း ဆက်လက်တပ်ဆင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မှတ်တမ်းပြုစု

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသောလုပ်ငန်းများကို လျာထားသတ်မှတ်ချိန် ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ လုပ်ငန်းတစ်ခုချင်းအလိုက် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို ဓာတ်ပုံမှတ်တမ်းများဖြင့်ပါ မှတ်တမ်းတင် ပြုစုသွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသားပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်တို့အား သစ်သီးခြင်းများကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို ကြည့်ရှုကြပြီး စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှနေ၍ ပင်မကွန်ကရစ်တမံနှင့် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး တာဘိုင်အမှတ်(၁)မှ လျှပ်စစ်ဓာတ်အားစမ်းသပ်ထုတ်လွှတ်နေမှု၊ ကျန်ရှိနေသော ဂျင်နရေတာများ၏ စက်အစိတ်အပိုင်းများတပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လျှပ်စစ်ဓာတ်အားထိန်းချုပ်ခန်းအတွင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထုတ်လွှတ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဘိုင်အမှတ်(၁) လျှပ်စစ်ဓာတ်အားပေးစက်မှ လည်ပတ်၍

လျှပ်စစ်ဓာတ်အားထိန်းချုပ်ခန်း ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ လျှပ်စစ်ဓာတ်အား ထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထွက်ရှိလာသောရေကို စက်ရုံရေထုတ်မြောင်းမှတစ်ဆင့် ဒုဋ္ဌဝတီမြစ်အတွင်းသို့ ထုတ်လွှတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပင်မကွန်ကရစ်တမံပေါ်သို့ ရောက်ရှိကြပြီး ရှုရပ်မှ ရေလှောင်တမံအတွင်း ရေသိုလှောင်မှုအခြေအနေ၊ စက်ရုံရေထုတ်မြောင်းနှင့် စီမံကိန်းလုပ်ငန်းခွင်တစ်ခုလုံးကို ထပ်မံကြည့်ရှုစစ်ဆေးကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းများပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ရေယူအဆောက်အအုံ လေးခု၊ ရေပိုလွှဲနှင့် တစ်လုံးလျှင် စက်တပ်ဆင်အင်အား ၁၉၇ဒသမ ၅မဂ္ဂါဝပ်ရှိသော တာဘိုင်နှင့် ဂျင်နရေတာလေးလုံး တပ်ဆင်ထားသဖြင့် လျှပ်စစ်ဓာတ်အား စုစုပေါင်း မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ဖြန့်ဖြူးပေးမည်

ယခုအခါ တာဘိုင်အမှတ် (၁)မှ လျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ဓာတ်အားဖြန့်ကွန်ရက်စနစ်သို့ ဖြည့်ဆည်းဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြ၍ ညနေ ၅နာရီ မိနစ် ၂၀တွင် မန္တလေးမြို့သို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ချမ်းအေးသာစံမြို့နယ် ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြားရှိ ခုတင် (၅၅၀)ဆံ့ မန္တလေးကလေးဆေးရုံကြီး အဆင့်တိုးမြှင့်၍ ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကလေးဆေးရုံကြီး ဖွင့်လှစ်မည့်နေရာရှိ အဆောက်အအုံများ ပြုပြင်မွမ်းမံမည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး ပြန်လည်ထွက်ခွာခဲ့သည်။

(သတင်းစဉ်)

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်း
လျှပ်စစ် အကောင်အထည်
(၂)တည်ဆောက်ရေးက တာ
ရှိသည့် ရဲရွာရေအားလျှပ်စ

ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းသည် ရေယူ အဆောက်အအုံ လေးခု၊ ရေပိုလွှဲနှင့် တစ်လုံးလျှင် စက်တပ်ဆင်အင်အား ၁၉၇ဒသမ ၅မဂ္ဂါဝပ်ရှိသော တာဘိုင်နှင့် ဂျင်နရေတာ လေးလုံး တပ်ဆင်ထားသဖြင့် လျှပ်စစ်ဓာတ်အားစုစုပေါင်း မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ် ပေးနိုင်မည်ဖြစ်။

ယခုအခါ တာဘိုင်အမှတ်(၁)မှ လျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လုပ်လျက်ရှိရာ ထွက်ရှိလာသော လျှပ်စစ် ဓာတ်အားကို ဓာတ်အားဖြန့်ကွန်ရက်စနစ်သို့ ဖြည့်ဆည်း ဖြန့်ဖြူးပေးသွားမည်ဖြစ်။

ကလေးဆေးရုံ စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကလေးဆေးရုံကြီး ဖွင့်လှစ်မည့်နေရာရှိ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

...စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၁၀ (အင်္ဂါနေ့)
နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **စိတ်တစ်ခုသာပြင်လိုက်ပါ** တရားတော် ဆရာတော်အရှင်သုဇာတ (ထန်းတပင်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၀)
- ၈:၃၀ Sports World(Max Power)
- ၈:၄၅ Activities in the City (B.D.S ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၉:၀၅ ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ (ပန်းချီကဏ္ဍ)
- ၉:၃၅ Sunday Talk
- ၁၀:၃၀ ပွင့်ဖြူ၏လက်ဆောင်
- ၁၀:၄၅ နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ပထမပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
- ၁၁:၁၀ ပြန်လည်တမ်းတသူ့ဘဝ အနုပညာအလှ (ပန်းချီကဏ္ဍ)
- ၁၁:၄၅ လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၂)
- ၁၂:၀၅ Vancouver 2010 Olympic Winter Games
- ၁:၀၀ **စိတ်တစ်ခုသာပြင်လိုက်ပါ** တရားတော် ဆရာတော်အရှင်သုဇာတ (ထန်းတပင်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (လန်းတဲ့ကမ်းခြေ)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၀)
- ၄:၀၀ Activities in the City ရန်ကုန်တိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းပွဲ အခမ်းအနား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သက်ကြီးပူဇော်ပွဲ
- ၄:၃၅ Mikko ရဲ့ Hello
- ၄:၅၀ Activities in the City (B.D.S ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
- ၅:၁၀ Cartoon Show Time (Toy Story-2)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style(NO)
- ၆:၅၅ Fashion Music Festival (လန်းတဲ့ကမ်းခြေ)
- ၇:၃၀ သင်ကြားရေးလမ်းညွှန် (Great Wall Language & Interpretation Business Centre)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၀)
- ၁၀:၀၀ Cartoon Show Time (Toy Story-2)
- ၁၀:၃၅ Celebrity Style(NO)
- ၁၁:၀၅ သင်ကြားရေးလမ်းညွှန် (Great Wall Language & Interpretation Business Centre)
- ၁၁:၃၀ ငွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုး၏ လက်တွဲဖော်မွန်
- ၁၁:၄၅ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ** ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း ဒါရိုက်တာ-မြင့်စိုး(င/သ)
- ၁၂:၁၅ သွေးချင်းတို့ဆီ အရောက်သွားမည်
- ၁၂:၂၀ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
- ၁၂:၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂:၂၅	Man Utd-West Ham	Star Sports (Live) MRTV-4 (Live)

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်တန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့် အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၄)၊ ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၂)၊ အခြေခံအင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် သင်တန်းများဖွင့်ပွဲအပြီးတွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အိမ်တွင်းမှု အထူးနည်းပြသင်တန်းသူ ၂၈ဦး၏ အဝတ်အထည် ချုပ်လုပ်သင်ယူနေမှုများ၊ သင်တန်းသူများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာများသို့ ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ယခုဖွင့်လှစ်သည့် သင်တန်းများဖြစ်သော အဆင့်မြင့် အင်ဂျင်နီယာ သင်တန်း အမှတ်စဉ်(၄)နှင့် အခြေခံ အင်ဂျင်နီယာသင်တန်း အမှတ်စဉ်(၁၀)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၆၀၊ ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ်(၂၂)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား ၆၀ စုစုပေါင်း သင်တန်းသား ၁၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၃ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** အများအားဖြင့် သာယာမည်။

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၀၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ကျပ်ငါးသိန်းဖြင့် CDMA-450 MHz ဖုန်းများ အကန့်အသတ်မရှိ စတင်ချထားပေးမည်၊ နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံတစ်ရုံကို ရွှေ့လတွင် ထပ်မံဖွင့်လှစ်၍ ရန်ကုန်မြို့တွင်လည်း မေလ၌ နှစ်ရုံဖွင့်ရန် စီစဉ်နေ၊ အမျိုးသမီးသီးသန့် ကားမောင်းပြိုင်ပွဲ ပထမဆုံးကျင်းပမည်။ အင်တာနက်မရနိုင်သော မြို့များအပါအဝင် မြန်မာနိုင်ငံရှိ မြို့ကြီး ၄၀၀ကျော်တွင် GPS စနစ်အသုံးပြုနိုင်ပြီ၊ မုတ္တမကမ်းလွန်၌ စီးပွားဖြစ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့စီမံကိန်းသစ်တစ်ခု ပေါ်ထွက်လာ၊ ကြည့်မြင်တိုင် အရိုးရောဂါကုဆေးရုံကြီးတွင် ခါးရိုး(သီးသန့်) ခွဲစိတ်ဌာနကြီး ပထမဆုံးထားရှိမည်၊ မီးဘေးကာကွယ်မှု စနစ်မကျသည့် ဈေးများကို ပြန်လည်တည်ဆောက်သွားမည်၊ ငွေဆောင်အလှမယ်ရွေးပွဲကို ရွှေ့လ၌ ပထမဆုံးကျင်းပမည်၊ ကျပ်ငါးသိန်းတန် အထိုင်ဖုန်းများကို နေရာအနှံ့သယ်ယူနိုင်ရန် ဆောင်ရွက်ပေးမည်၊ ပဥ္စမအကြိမ် သုတစွယ်စုံ စာပေဆုရသူများစာရင်းကြေညာ၊ ဓာတ်ပုံဆရာ ၁၅ဦးက ဓာတ်ပုံမူပိုင်ခွင့်ကိစ္စ သတိပေးကြေညာ၊ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများကို ပုဂ္ဂလိကတို့ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း တရားဝင်ကြေညာ၊ ခြောက်လနှင့်လမ်းထလျှောက်သည့် ကလေး၊ အင်ဒိုနီးရှားမှ ဂေါက်သီးအိတ်ထမ်းမိန်းကလေး၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း စီရင်ချက်ချပြီ၊ ထောင်ကျတုန်းက ယောကျ်ား လွတ်လာတော့ မိန်းမ၊ ဘေးမဲ့တောမှာ အသတ်ခံရတဲ့မိကျောင်း လမ်းပေါ်မှာ ဆိုင်ကယ်ဖြစ်လာ၊ ကျားနှစ်မှာ ကျားတွေရှားလာ၊ ဒေါ်လာ ၁၆သန်းခွဲတန်ခဲ့သော ကမ္ဘာ့အကြီးဆုံး ပတ္တမြားကြီးမှာ ကျောက်ခဲကြီးသာဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပြီးနောက် ဒေါ်လာ ၁၂၀၀၀သာရရှိ၊ ကင်ဆာရောဂါ ရှိမရှိ အနံ့ခံစစ်ဆေးနိုင်သည့်စက် တီထွင်၊ တယ်လီဖုန်းရုံးလုပ်သားကနေ ဘုရင်ဖြစ်တော့မည့်သူ၊ ပြီးခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်း၌ ဂျာနယ်လစ် ၇၁ဦးအထိ စံချိန်တင်အသတ်ခံခဲ့ရ.... စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါ ဖြစ်ပွားမှုကာကွယ်ရေး နှိုးဆော်ချက်

ယခုကာလတွင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ New Influenza A(H1N1) ဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် တွေ့ရှိကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ မှော်ဘီမြို့နယ်တို့တွင် New Influenza A(H1N1) ရောဂါပိုးတွေ့ရှိမှု ဖြစ်စဉ်များ ရှိပါသည်။

တုပ်ကွေးရောဂါလက္ခဏာဖြစ်ပွားပါက-

(၁) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
(၂) ရောဂါမကူးစက်စေရန် နှာခေါင်းနှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်သည့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊
(၃) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
(၄) လူထူထပ်သော နေရာနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၅) နေအိမ်တွင် အနားယူ၍ စနစ်တကျ ပြုစုကုသမှုခံယူခြင်းတို့ကို ပြုလုပ်ရပါမည်။

အဖျားကြီးလွန်းခြင်း၊ ချောင်းအလွန်ဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ သတိလစ်ခြင်းစသည့် ရောဂါပြင်းထန်သောလက္ခဏာများ တွေ့ရှိပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရပါမည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ဒါသင့်နိုင်ငံ မီးဘေးရန် အမှန်ကင်းပါစေ

သထုံမြို့၌ မျက်စိအထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသမှု
တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဖေဖော်ဝါရီ ၁၈ရက်တွင် မွန်ပြည်နယ်အတွင်း မျက်စိခွဲစိတ်မှု ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ သထုံမြို့ရှိ သုဝဏ္ဏခန်းမ၌ ရန်ကုန်မျက်စိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင် ခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ မော်လမြိုင်ပြည်သူ့ဆေးရုံ၊ သထုံပြည်သူ့ဆေးရုံနှင့် ပဲခူးပြည်သူ့ဆေးရုံတို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျွမ်းကျင်သူ ဝန်ထမ်းများ၏ ပြည်သူများအား မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သထုံပြည်သူ့ဆေးရုံကြီး၌ မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင်များအား ခွဲစိတ်ကုသမှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

တက်ရောက်

ကျန်းမာရေးဝန်ကြီးဌာန မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် အားပေး၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမှာစကားပြောကြားပြီး ရန်ကုန်မျက်စိအထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာသန်းလွင်က မျက်စိကျန်းမာရေးစောင့်ရှောက်မှု၊ ကွင်းဆင်းဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် မျက်စိဝေဒနာရှင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကာ မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်နှင့် အလှူငွေများ ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ မွန်ပြည်နယ် သထုံခရိုင် မျက်စိကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ခြင်း အစီအစဉ်တွင် မျက်စိဝေဒနာရှင် ၃၃၀၉ဦးတို့အား စမ်းသပ်စစ်ဆေးခြင်း၊ အတွင်းတိမ် ဝေဒနာရှင် ၄၇၅ ဦးတို့အား ခွဲစိတ်ကုသခြင်းနှင့် ၁၅၂၅ဦးတို့အား အခမဲ့ မျက်မှန် တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် မြို့သာယာလှပရေးအတွက် ပျိုးထောင်ထားရှိသော ပန်းအလှပင်မျိုးစုံကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆော့ဖ်ဝဲလ်ဆိုင်ရာပြပွဲ ခင်းကျင်းပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Software & Solutions Exhibition 2010 ပြပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်၌ ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Myanmar Professionals Education Centre (MPEC) မှ IT Professionals နှင့် CICT Diploma in Software Engineering အကြောင်းတို့ကို ရှင်းလင်းပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၃၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၁၀ခုနှစ် (၃၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၇နာရီက ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်

အခမ်းအနားတွင် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားကွင်းအတွင်း နေရာယူကြပြီး ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဆုဖလားကို ပြန်လည်အပ်နှံပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြည်နယ်နှင့်တိုင်း အသင်းသားများအား လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် အမှတ်(၁) တီခုံ၌ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် မြန်မာဂေါက်ကလပ် Club Captain ဦးစိုးဝင်းတို့က ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဒုက္ကာဦးအုံးဖေစာပေဆုရစာအုပ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်က ၂၀၀၈ခုနှစ် ပဒုက္ကာဦးအုံးဖေစာပေဆု ကဗျာပေါင်းချုပ် တတိယဆုရ အဖျောက်မောင်ဆွေမွန် ရေးသားသည့် ''ရေချမ်းတစ်ခွက် ပန်းတစ်ခက်ကဗျာ'' စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

စုစည်းဖော်ပြ

အဆိုပါစာအုပ်တွင် ရေချမ်းတစ်ခွက် ပန်းတစ်ခက်၊ သစ္စာရေစင်၊ ချိန်မနှောင်းမီ၊ တစ်ယောက်တည်းငါ၊ ဥယျာဉ်မှူး သို့မဟုတ် ငါ စသည့်ကဗျာများ အပါအဝင် ကဗျာပုဒ်ရေ ၈၀ပုဒ်ဖြင့် စုစည်းဖော်ပြထားပြီး ကဗျာချစ်သူတို့ လေ့လာသိမ်းဆည်းထားသင့်သည့် ကဗျာစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

ရေချမ်းတစ်ခွက် ပန်းတစ်ခက် ကဗျာစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျော့ဖုံးမှ*

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အနောက်ဘက် ကီလိုမီတာ ၁၈၀အကွာ ဘက်ဂလွန်းခရိုင် ကျေးရွာတစ်ရွာ၌ ၁၉၉၂ ခုနှစ် အောက်တိုဘာ ၄ရက်က မွေးဖွားခဲ့သော ခါဂျင်ဒရာ သာပါမာဂါဆိုသူသည် လောလောဆယ် နီပေါနိုင်ငံ၌ အရပ်အပုဆုံးလူသားဖြစ်သည်။

ပြောကြား

''ကျွန်တော်တို့ သူ့နာမည်ကို ကမ္ဘာ့မှတ်တမ်းစာအုပ်ကြီးမှာ ဖော်ပြခံရဖို့ အီတလီနိုင်ငံသို့ ယခုပဲ ထွက်ခွာသွားပါပြီ''ဟု ၎င်း၏ ဖခင် ရုပ်ဘာဟာဒါသာပါမာဂါက မြို့တော်ခတ္တမန္ဒူ၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် သတင်းထောက်များအား ပြောကြားသည်။

အစီအစဉ်

မိမိတို့သည် ဂင်းနက်စ်မှတ်တမ်းဝင်ဖြစ်ရေး လျှောက်ထားမည့် အစီအစဉ်ကို အီတလီရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်း၊ အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာမည့် ဂင်းနက်စ်မှတ်တမ်း၌ပါရှိရေး လန်ဒန်အခြေစိုက် ဂင်းနက်စ်မှတ်တမ်းအဖွဲ့သို့ လျှောက်ထားမည်ဖြစ်ကြောင်း၊ မစ္စတာသာပါမာဂါ၏ အသက်မှာ (၁၈)နှစ်ပြည့်ပြီဖြစ်ကြောင်း ဖခင်ဖြစ်သူက သတင်းထောက်များအား ဆက်လက်ပြောကြားသည်။

လက်ရှိ

လက်ရှိ အရပ်အပုဆုံးဖြင့် ဂင်းနက်စ်မှတ်တမ်းတင်ခံရသူမှာ တရုတ်နိုင်ငံမှ ဟီပင်ပင်းဆိုသူဖြစ်ပြီး အရပ် ၂၇လက်မရှိသည်။ အိန္ဒိယနိုင်ငံမှ ဂူလ်မိုဟာမက်ဆိုသူမှာလည်း အရပ်အပုဆုံးလူသားတစ်ဦးဖြစ်သည်။ သူသည် နီပေါနိုင်ငံသား မစ္စတာသာပါမာဂါထက် ၁စင်တီမီတာပိုမြင့်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အမှတ်(၈၈) သစ်စက်၌ ဖေဖော်ဝါရီ ၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ပြုလုပ်ရာ စက်ရုံမှူး ဦးဝင်းစိန်နှင့် ဝန်ထမ်းများ၊ အုတ်တွင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း တပ်စုမှူး ဦးသိန်းမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုနည်းများနှင့် မီးငြိမ်းသတ်နည်းများကို ရှင်းလင်းဟောပြော လက်တွေ့သရုပ်ပြကြစဉ်။

(၀၅၂)

ပွဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆု ရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် Swesone Media Group ၏ သုတစွယ်စုံ စာအုပ်တိုက်က ချီးမြှင့်မည့် ပွဋ္ဌမအကြိမ် သုတစွယ်စုံ စာပေဆု ရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

သုတစွယ်စုံစာပေဆု

*ပွဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆုရရှိကြသူများမှာ ဝိဇ္ဇာဘာသာရပ်အတွက် **'မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း'** စာအုပ်ဖြင့် တက္ကသိုလ် စိန်တင်၊ စာပဒေသာဘာသာရပ်အတွက် **'အွန်စောတို့ဌာနေ ကိုယ်တွေ့ကိုရီးယားခရီးသွား ဆောင်းပါးများ'** စာအုပ်ဖြင့် ကိုကို(စက်မှုတက္ကသိုလ်)၊ လူမှုစီးပွားဘာသာရပ်အတွက် **'လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်းစဉ်လာများ'** စာအုပ်ဖြင့် ဒေါက်တာချစ်၊ ဘာသာပြန်ဘာသာရပ်အတွက် **'ဦးဆောင်စွန့်စား စီးပွားတည်ဆောက်ခြင်း'** စာအုပ်ဖြင့် ကြည်မင်း၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် **'စာအုပ်များနှင့် နှစ်ပေါင်းများစွာ'** စာအုပ်ဖြင့် ကျော်ဝင်း၊ လူငယ်စာပေဘာသာရပ်အတွက် **'ဘာလဲဟဲ့ ဒေါက်တာဘွဲ့'** စာအုပ်ဖြင့် ပါမောက္ခ ဒေါက်တာတင်စိုး၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် **'သမိုင်းစာမျက်နှာပေါ်က အင်ပါယာနိုင်ငံများနှင့် နီယိုကွန်တို နေဝင်ချိန်'** စာအုပ်ဖြင့် ရဲထွဋ်၊ အသုံးချသိပ္ပံဘာသာရပ်အတွက် **'လူနာဖြစ်သွားသော ဆရာဝန်နှင့် ဆေးလောက ဇာတ်ခုံပေါ်က အတွေ့အကြုံများ'** စာအုပ်ဖြင့် ဒေါက်တာစိုးလွင်နှင့် သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ဦးချစ်စံ(ဆရာချစ်စံဝင်း)တို့ဖြစ်ပြီး ယခုနှစ်အတွက် သိပ္ပံဘာသာရပ်၌ ဆုရရှိသူ မရှိကြောင်း သတင်းရရှိသည်။*

ယခု ပွဋ္ဌမအကြိမ်သည် ၂၀၀၈ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို အခြေခံကာ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဆုရစာအုပ်များအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီနှင့် သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ငွေကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်သည်။

နှီးဆော်ထား

ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်ခန်းမကြီး၌ ကျင်းပရန် စီစဉ်ထား၍ ဆုရရှိသူများအနေဖြင့် ဒေါက်တာတင်ထွန်းဦး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့) ဖုန်း-၂၅၂၄၁၇၊ ၃၇၄၄၀၀နှင့် ၃၈၅၂၉၃တို့သို့ အမြန်ဆက်သွယ်ကြရန် သက်ဆိုင်ရာမှ နှီးဆော်ထားကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/တိုင်း/ခရိုင် ဥပဒေ အရာရှိများ၏ (၃၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေ့နေချုပ် ဦးအေးမောင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/တိုင်း/ခရိုင် ဥပဒေအရာရှိများ (၃၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/ တိုင်း/ ခရိုင် ဥပဒေအရာရှိများ၏ (၃၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့နေချုပ်ဦးအေးမောင်တက်ရောက်၍ ဥပဒေဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယရှေ့နေချုပ်များဖြစ်ကြသည့် ဒေါက်တာထွန်းရှင်၊ ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဒေါ်ကျင်စန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားသည်။ ထို့နောက် ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်-မန္တလေး)၊ ကချင်၊ ကယား၊ ကရင်နှင့် ချင်းပြည်နယ်များ၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူးနှင့် မကွေးတိုင်းဥပဒေရုံးတို့မှ ပြည်နယ်နှင့် တိုင်းဥပဒေအရာရှိများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ ရှမ်း(အရှေ့)၊ ရှမ်း(မြောက်)နှင့် ပဲခူး(အနောက်)တို့မှ ပြည်နယ်/ တိုင်းနှင့် တွဲဖက်ပြည်နယ်/တိုင်း ဥပဒေအရာရှိများက လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

အလားတူ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/ တိုင်း/ခရိုင် ဥပဒေအရာရှိများ၏ (၃၂)ကြိမ်မြောက် အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်တို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ အပေါ် ဆွေးနွေးမှာကြားကြသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၂-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လျှပ်တစ်ပြက်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ အင်္ဂလိပ်စာသုတ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ **ယူချင်ဦးဟဲ့မိန်းမ** ဒွဲဒိုး၊ စိစိ၊ မေသူဇော်၊ ချစ်လူလူ၊ သဲသဲ၊ ဇော်နိုင်၊ ဆန်းပွင့်
၂၁။ ဗွီစီဒီကျော်ကြားတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၂၃)

ကြည့်မြင်တိုင်မြို့နယ် အလက(၄) ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဆုနှင်းသဘင်အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအဆောက်အအုံဆေးသုတ်နိုင်ရန်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ပေးသော ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဌေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

Wireless and Mobile Computing သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

Wireless and Mobile Computing (WiMC) သင်တန်းကို ၂၀၁၀ ခုနှစ် မေလတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)ရှိ အိန္ဒိယ-မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းကျောင်း IMCEITS (India-Myanmar Center for Enhancement of IT Skills)၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် အိန္ဒိယနိုင်ငံသို့ သွားရောက် ပညာသင်ကြားခဲ့သည့် အတွေ့အကြုံရှိ ဝါရင့်ဆရာ ဆရာမများက သင်ကြား ပို့ချပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ICT လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းကာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ IMCEITS သင်တန်းဌာနကို ၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်ခဲ့သည်။

ဖွင့်လှစ်သင်ကြား

သင်တန်းကျောင်းကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံ C-DAC တို့က ကြီးကြပ်ကာ ညှိနှိုင်းဖွင့်လှစ်ထားခြင်းဖြစ်ပြီး သင်တန်းကျောင်း၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ Software Development လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော ထူးချွန်ထက်မြက်သည့် ICT Engineers များ ပေါ်ထွန်းလာစေရန်ဖြစ်သည်။ ယခု လက်ရှိဖွင့်လှစ်သင်ကြားနေသော သင်တန်းများမှာ Java Programming သင်တန်းနှင့် Ms. Net Programming သင်တန်းများဖြစ်ကြသည်။ ယင်းသင်တန်းများ ဖွင့်လှစ်ခဲ့သည်မှာ အပတ်စဉ် နှစ်ခုအထိ အောင်မြင်ပြီးစီးခဲ့ပြီးဖြစ်ကာ လက်ရှိ အပတ်စဉ် (၃)ကို ဖွင့်လှစ်သင်ကြားနေဆဲ ဖြစ်သည်။

အောင်မြင်နိုင်စေရန်

IMCEITS ၏ အပတ်စဉ်(၄)ကို ၂၀၁၀ခုနှစ် မေလတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ထိုအပတ်စဉ်တွင် လက်ရှိ ဖွင့်လှစ်ထားသော သင်တန်းနှစ်မျိုးအပြင် နည်းပညာသစ်အနေဖြင့် Wireless and Mobile Computing (WiMC)သင်တန်းကိုပါ တိုးချဲ့ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းသည် ခေတ်အလိုက် တိုးတက်ပြောင်းလဲနေသောနည်းပညာသစ်များ အနက်မှ အရှိန်အဟုန်ဖြင့် ခေတ်စားလာသော Mobile and Wireless နည်းပညာနယ်ပယ်၌ မြန်မာလူငယ်များ အချိန်မီ သိရှိနားလည်နိုင်ရေးနှင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ Mobile Development Programming နည်းစနစ်များကို စနစ်တကျ နားလည်တတ်ကျွမ်းသော Mobile Computing Engineer များအဖြစ် လုပ်ငန်းခွင်တွင် အောင်မြင်နိုင်စေရန် ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

IMCEITS သင်တန်းဌာန၌ ဖွင့်လှစ်သော သင်တန်းများသည် Advanced Software Development သင်တန်းများဖြစ်သည့်အတွက် Programming အခြေခံရှိသူများဖြစ်သည့် ကွန်ပျူတာတက္ကသိုလ်များမှ ဘွဲ့ရရှိပြီးသူ ကျောင်းသားကျောင်းသူများနှင့် နည်းပညာတက္ကသိုလ်များမှ IT အထူးပြုဘွဲ့ရရှိပြီးသူ ကျောင်းသားကျောင်းသူများ လျှောက်ထားတက်ရောက်နိုင်ကြောင်း၊ ယင်းသင်တန်းများအနက်မှ WiMC သင်တန်းကို ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် သင်တန်းဌာန နှစ်ခုဖြစ်သည့် အိန္ဒိယ-မြန်မာသင်တန်းဌာန IMCEITS နှင့် ဂျပန်-မြန်မာသင်တန်းဌာန ICTTI တို့မှ Software Development Java Programming သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသူများအားလုံးသည် ICT Programming စွမ်းရည်ကို စမ်းသပ်စစ်ဆေးရန် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုအောင်မြင်ရန် လိုအပ်ကြောင်း၊ WiMC သင်တန်းတွင် သင်တန်းသားဦးရေ ၄၀သာ ကန့်သတ် လက်ခံမည်ဖြစ်၍ စိတ်ဝင်စားသူများသည် IMCEITS သင်တန်းဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှိုင်နယ်မြေ) ဖုန်း-၀၁-၆၆၂၃၂၉နှင့် ၀၁-၆၅၂၅၂၉တို့သို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီဓာတ်ပုံပြိုင်ပွဲနှင့် နှစ်ပတ်လည်စာမူဆုရရှိသူများ ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၉ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆုရရှိသူများ စာရင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။ မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)က ပထမဆု၊ ဂျေမောင်မောင်(အမရပူရ)က ဒုတိယဆု၊ အေကေမိုး (သတ္တဗေဒ)က တတိယဆု၊ စိုင်းခမ်းလင်း(Hawk Eyes)နှင့် ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့က အထူးဆု အသီးသီးရရှိကြသည်။

အကောင်းဆုံးဆောင်းပါး

၂၀၀၉ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းတင်အောင်နီကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ဒေါက်တာ ထီလာစစ်သူ၏ သတ္တိအရှိဆုံးအချိန်ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဒေါက်တာမတင်ဝင်း(ပညာရေး တက္ကသိုလ်)၏ တပည့်သားမြေးပြုစုပျိုးထောင်တတ်ခြင်းက လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို တင်သန်းဦး၏ သူရဲကောင်းများထွန်းကားသည်က လည်းကောင်း အသီးသီးရရှိကြသည်။

ကာတွန်းဆု

၂၀၀၉ခုနှစ်အတွက် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းငွေကြည်က လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မင်းယုဝေ၏ ခြံထောင့်က မန်ကျည်းပင်ကလည်းကောင်း၊အကောင်းဆုံးဆောင်းပါးဆုကို နိုင်ဇော်၏ ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ပုသိမ် ရန်နောင်စိုး၏ ရိုးမထဲက ယာတဲရှင်ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ခြင်ကျား (မအူပင်)၏ သံယောဇဉ်ချည်ငင်ပြတ်သည်ကြောင့်ကလည်းကောင်း အသီးသီးရရှိကြသည်။

ကြေညာမည်

ဆုရရှိသူများအား မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများသည် မြဝတီစာပေတိုက် ဖုန်း-၃၇၁၂၄၄၊ ၅၅၈၂၇၃တို့သို့ ကြိုတင် ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

လေဖြတ်၍ စကားမပီသူများ သီချင်းဆိုပေးခြင်းဖြင့် ပြန်ကောင်းလာနိုင်

လေဖြတ်ခံရ၍ စကားပီသစွာ မပြောဆိုနိုင်သော ရောဂါဝေဒနာရှင်များသည် မကြာခဏ သီချင်းဆိုပေးခြင်းဖြင့် စကားပီသစွာ ပြန်လည်ပြောဆိုလာနိုင်မည်ဖြစ်ကြောင်း အမေရိကန်သုတေသန သိပ္ပံပညာရှင်များက သုတေသနပြု လေ့လာတင်ပြထားသည်။



ထိခိုက်ပျက်စီး

လေဖြတ်ခံရသော ရောဂါဝေဒနာရှင်တစ်ဦးသည် ဦးနှောက်အတွင်းရှိ စကားပြောဆိုရာတွင် အရေးပါသော အင်္ဂါအစိတ်အပိုင်း ထိခိုက်ပျက်စီးသွားသည်။

သီချင်းဆိုနိုင်ဆဲ

ယင်းပျက်စီးသွားသော ဦးနှောက်အစိတ်အပိုင်းနေရာသည် သီချင်းဆိုပေးခြင်းဖြင့် ပြန်လည်လှုပ်ရှားကောင်းမွန်လာနိုင်ကြောင်း ဟားလ်ဗတ်ဆေးတက္ကသိုလ်မှ သုတေသီများက ဆန်ဒီရိုဂို၌ ကျင်းပသော သိပ္ပံဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့ခြင်းဖြစ်သည်။ လေဖြတ်ခံရ၍ ဦးနှောက်ထိခိုက်သွားသော ဝေဒနာရှင်များသည် စကားပီသစွာ မပြောနိုင်သော်လည်း သီချင်းဆိုနိုင်ဆဲဖြစ်သည့် အချက်ကိုလည်း သုတေသီများက လေ့လာတင်ပြခဲ့သည်။ ။

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း ကြီးမှူး၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

တူဒေးစာအုပ်တိုက် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ကြီးမှူးပြီး မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်ကျင်းပမည့် Myanmar Executive Forum ကိုဖေဖော်ဝါရီ၂၆ရက် မွန်းလွဲ ၂နာရီမှ ညနေ၅ နာရီအထိ Chatrium Hotel၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က Business Leadership in the Changing Worldခေါင်းစဉ်နှင့် ဦးဆောင်ဆွေးနွေးမည် ဖြစ်ပြီး Myanmar Distribution Group က ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သိ ရ သည်။ **(သတင်းစဉ်)**

ဘဝလမ်းညွှန်(၂) စာကြည့်တိုက်

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၆ /အရှေ့ရပ်ကွက်တွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ ဖေဖော်ဝါရီ ၁၂ရက်က ဘဝလမ်းညွှန်(၂) စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယင်းစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေနှင့် ခရိုင်ဦးစီးမှူး ဦးတင်ကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၆)

ထူးခြားသည့် ညအပူချိန်များ

၂၂-၂-၂၀၁၀

ဟားခါးမြို့
၀ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့
၃ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့
၄ ဒီဂရီစင်တီဂရိတ်
အမ်းမြို့
၄ ဒီဂရီစင်တီဂရိတ်

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် ဂုဏ်ထူးဆောင် နာယက စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်နှင့်အထက် မြို့နယ်အသင်းသား အသင်းသူ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များအား ကန်တော့ကြသည်။ (အပေါ်ဝဲပုံ)

ပေးအပ်ချီးမြှင့်

ထို့နောက် ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ နိုင်ငံတော်အဆင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်း)တွင် အထူးဆုရရှိသည့် မြို့နယ်အသင်းသား တစ်ဦးနှင့် ဘာသာရပ်ဆိုင်ရာအလိုက် ဒေါက်တာဘွဲ့ရရှိသည့် မြို့နယ်အသင်းသား တစ်ဦးတို့အား လည်းကောင်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဘာသာစုံဂုဏ်ထူးရ ကျောင်းသူ တစ်ဦး အပါအဝင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား လည်းကောင်း ပညာရည်ထူးချွန်ဆုများ ပေးအပ်ကြပြီး တက္ကသိုလ်တက်ရောက်နေကြသည့် မြို့နယ်အသင်းသား အသင်းသူ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အား ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အသစ်ပြန်လည်ခန့်အပ်

ထို့နောက် ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ အမှုဆောင်များ နုတ်ထွက်ခြင်းနှင့် အသစ်ပြန်လည် ခန့်အပ်ခြင်းများပြုလုပ်ကာ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဒုတိယ တရားသူကြီးချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တရားသူကြီးချုပ်ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်နှင့် တိုင်း တရားသူကြီးများက တရားစီရင်ရေးအခြေအနေများနှင့် တရားရုံးလုပ်ငန်း အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် ဦးသိန်းစိုးတို့က အမှာစကား ပြောကြားကြပြီး တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နံရံကပ် စာစောင်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဒဂုံ(မြောက်ပိုင်း)၌ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် (၃၇)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု နံရံကပ်စာစောင်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အမှတ်(၃၇) ရပ်ကွက် အမက (၁၇) ကျောင်းခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးက ပြည်ထောင်စုနေ့အကြောင်း ဟောပြောပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြီးက စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်က ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသူ မမေမြတ်နိုးခင်အား ဆုချီးမြှင့်ပြီး တက်ရောက်လာသောတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆုများ ချီးမြှင့်ကြသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

မတ်၁ရက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲပေါင်း ၁၄၀၆၉ ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၂၅၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာန ခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် အမှတ်(၁၈၄)ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ မတ် ၁ရက် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ ငါးဆု၊ ငွေကျပ်သိန်း ၁၀၀ (၁၃)ဆု၊ ငွေကျပ် ၁၀သိန်း ၂၈၆ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၄၄ဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၂၆၀၊ ငွေကျပ် တစ်သိန်း ၁၂၃၅၄ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆု ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၃၂)ကြိမ်မြောက် ပြည်နယ်/တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ

ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အားကစားနှင့် ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် (၃၂)ကြိမ်မြောက် ပြည်နယ်/တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ကိုးမိုင်တွင် ကျင်းပသည်။



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

အခမ်းအနားတွင် ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံ၌ နေရာယူကြပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို ကျင်းပသည်။

ပထမနေ့

ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲအပြီးတွင် အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲ၌ မန္တလေးအသင်းက စုစုပေါင်းရိုက်ချက် ၂၁၇ချက်ဖြင့် ပထမ၊ ရန်ကုန်အသင်းက စုစုပေါင်း ရိုက်ချက် ၂၁၉ချက်ဖြင့် ဒုတိယ၊ အသင်းလိုက်အကျော့ပေးပြိုင်ပွဲတွင် ရန်ကုန်အသင်းက စုစုပေါင်း ရိုက်ချက် ၂၁၀ဖြင့် ပထမ၊ ကချင်အသင်းက စုစုပေါင်း ရိုက်ချက် ၂၁၁ချက်ဖြင့် ဒုတိယလိုက်နေသည်။

တတိယနေရာလိုက်

တစ်ဦးချင်း အကျော့မဲ့ ပြိုင်ပွဲတွင် ခင်မောင်အေး(ကချင်)က စုစုပေါင်း ရိုက်ချက် ၆၇ချက်ဖြင့် ပထမ၊ သက်ဇော်ထွေး (ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၆၈ချက်ဖြင့် ဒုတိယ၊ မောင်မောင်ဦး (မန္တလေး)က စုစုပေါင်း ရိုက်ချက် ၇၀ဖြင့် တတိယလိုက်နေပြီး တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲတွင် ခင်မောင်အေး(ကချင်)က စုစုပေါင်း ရိုက်ချက် ၆၇ချက်ဖြင့် ပထမ၊ သက်ဇော်ထွေး (ရန်ကုန်)က စုစုပေါင်း ရိုက်ချက် ၆၈ချက်ဖြင့် ဒုတိယ၊ မင်းသူရအောင် (ရန်ကုန်)က စုစုပေါင်း ရိုက်ချက် ၇၀ဖြင့် တတိယနေရာ လိုက်နေသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ငွေလုံးငွေရင်းလုပ်ငန်း ဖြစ်သည့် စိတ္တသုခလမ်းရှိ တံတားဆောင်ရွက်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းရန်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၃ရက်က ကမာရွတ်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်သန်းက ကျောင်းကျန်းမာရေး အဆင့်မြင့် ကျောင်းစံပြပထမဆုရရှိသော အမက(၄) ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းအား ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများ မထားရှိစေရေး၊ သတိပေး နှိုးဆော်အပ်ပါသည်။

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိ ရေယာဉ်(၁၂)စီးအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါ မြို့/ရက်များအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/အမျိုးအစား	အတိုင်းအတာ (ပေ)	အင်ဂျင်/မြင်းကောင်ရေ
မြိတ်ဒေသ (၂၅-၂-၂၀၁၀)			
၁။	အမည်မဲ့ (သစ်ခိုးလှေ)	၅၂×၁၀.၉×၃.၈	တရုတ်နီအင်ဂျင်၊မြင်း-၁၈(၂)လုံး၊ မြင်း-၁၀ (၁)လုံး
၂။	အမည်မဲ့ (ဘိန်းစာမှုန့်လှေ)	၄၆.၉×၉.၇×၃.၁၁	မစ်ဆူဘီရှီ(၄)လုံးထိုး(4 TR 5) မြင်းဖတ်မရ
၃။	ပန်ထိုက်သူ (သစ်ခိုးလှေ)	၅၀ ×၉ ×၅	မစ်ဆူဘီရှီ မြင်းဖတ်မရ
ကော့သောင်းဒေသ (၂၅-၂-၂၀၁၀)			
၁။	ရွှေငါး-၂ (ငါးပုံးခွဲလှေ)	၄၆.၈×၆.၈×၄.၅	တရုတ်အင်ဂျင် မြင်း-၂၅ (၁)လုံး
၂။	အမည်မရှိ (ငါးပုံးခွဲလှေ)	၃၈×၇.၆×၄	တရုတ်နီအင်ဂျင် မြင်း-၈/ ၁၀(၂)လုံး
၃။	အမည်မရှိ (သစ်ခိုးလှေ)	၄၈ ×၈ ×၃	တရုတ်နီအင်ဂျင်၊မြင်း-၂၅(၁)လုံး၊ မြင်း-၂၂(၁)လုံး
၄။	အမည်မရှိ (သစ်ခိုးလှေ)	၄၂ ×၈.၆ ×၄	တရုတ်နီအင်ဂျင်၊ မြင်း-၈/၁၀ (၂)လုံး
၅။	အမည်မရှိ (မီးသွေးမှောင်ခိုလှေ)	၄၀ ×၇ ×၃.၅	တရုတ်နီအင်ဂျင်၊မြင်း-၂၅(၁)လုံး၊ မြင်း-၈/၁၀ (၁)လုံး
၆။	အမည်မရှိ (ငါးခိုးလှေ)	၄၄ ×၁၀ ×၃.၆	အီးအိပ်ချ်-၇၀၀၊ မြင်း-ဖတ်မရ
၇။	မြန်မာရတနာ (မီးသွေးမှောင်ခိုလှေ)	၃၉ ×၇ ×၅	တရုတ်နီအင်ဂျင်၊ မြင်း-၈/၁၀ (၂)လုံး၊ ရေစုပ်စက်၊ မြင်း-၅/၆ (၁)လုံး
၈။	အမည်မရှိ (သစ်ခိုးလှေ)	၄၅ ×၇ ×၄	တရုတ်နီအင်ဂျင်၊ မြင်း-၂၂(၁)လုံး၊ မြင်း/၈/၁၀ (၁)လုံး
၉။	ရတနာလင်း(၂) (မီးသွေးမှောင်ခိုလှေ)	၆၀ ×၁၃.၂ ×၅.၅	ဟီးနိုးအီးအိပ်ချ်-၇၀၀၊ (၆)လုံးထိုး မြင်း-ဖတ်မရ

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိ ရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်။

ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး - ဖုန်း-၀၃၆-၃၁၀၉၅၊ ၀၃၆-၃၁၁၁၈
မြိတ်ဒေသ - ဖုန်း-၀၅၉-၄၁၈၀၃၊ ၀၃၁-၄၀၀၆၉၊ ၀၃၁-၄၀၀၆၈
ကော့သောင်းဒေသ - ဖုန်း-၀၅၉-၅၁၆၆၁

ကျေးဇူးဆပ်ပါမည်

စိုင်းဘုန်းထူးထရေးဒင်းကုမ္ပဏီလီမိတက်ပိုင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အသုံးပြုနေသော ITTP အမှတ် 7535/04 CREDIT ADVICE နှင့် ကုမ္ပဏီစာရွက်စာတမ်းများ ထည့်ထားသော ဖိုင်သည် ၂၇-၁-၂၀၁၀ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်ဖြူဖြူညွန့်
မန်နေဂျင်းဒါရိုက်တာ
စိုင်းဘုန်းထူးထရေးဒင်းကုမ္ပဏီလီမိတက်
ဖုန်း-၂၉၂၉၅၃၊ ၂၉၄၆၀၆၊ ၀၉-၈၀-၃၁၉၀၉။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးမန်းရွှေ(ငြိမ်း)၊ (အထွေထွေမန်နေဂျာ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)-ဒေါ်ဝါဝါအောင် တို့၏သားကြီး

ဗိုလ်ကြီးခန့်ငြိမ်း B.E (Chemical) (D.S.T.A)
M.E (Chemical) နှင့်

ရန်ကုန်မြို့နေ ဦးဟန်တင်(မင်္ဂလာဈေး)-ဒေါ်ဝင်းဝင်းမြ တို့၏သမီးကြီး

ဒေါက်တာသူဇာဝင်းဟန် M.B.,B.S (YGN)
3rd yr M.Med.Sc (Paediatric)
UM(1)

တို့သည် ၂၁-၂-၂၀၁၀ရက်တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

ဗိုလ်ကြီးခန့်ငြိမ်း-ဒေါက်တာသူဇာဝင်းဟန်နှင့် နှစ်ဖက်မိဘများ။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်ကြီးမောင်လေး(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်အေးကြည် (ပဲခူးမြို့)တို့၏ ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာ နှစ်ပတ်လည်ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်စွာဖြင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေ-

ချစ်သားသမီးများ-
ဦးကိုကိုဦး၊ ဒေါ်ခင်လင်းအေး
ရဲအုပ်ကိုကိုအောင်၊ ဒေါ်ညိုညိုနွဲ့
ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း(ငြိမ်း)၊ညွှန်မှူး (အကောက်ခွန်)၊ ဒေါ်မိုးစန္ဒာဝင်း
ဦးရဲမြင့်ထွန်း၊ ဒေါ်ဝါဝါမြင့်
- မြေးမြစ်များ။



မြို့တော်ဂေါက်ကွင်း ရေကူးကန်

နွေရာသီအခြေခံရေကူးသင်တန်းသား သင်တန်းသူများလက်ခံနေပါပြီ

အဆင့်မြင့်ဝါရင့် နည်းပြဆရာကြီးများကိုယ်တိုင် စနစ်တကျ ကြီးကြပ်၍ သေချာစွာတတ်မြောက်စေရန် ဂရုတစိုက်သင်ကြားပေးပြီး ရက်မှန်ပါက မတတ်မချင်း သင်ကြားပေးပါသည်။ တစ်ဦးချင်း သီးသန့်သင်ကြားလိုသူများအတွက်လည်း စီစဉ်ပေးထားပါသည်။

ပထမဦးဆုံး စာရင်းပေးသွင်းသော သင်တန်းသား (၂၀)ကို သင်တန်းကြေး ၁၀ရာခိုင်နှုန်း Discount ပေးပါမည်။ သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားအားလုံးကို T-Shirt လက်ဆောင်ပေးပါမည်။

သင်တန်းစမည့်ရက် - ၁-၃-၂၀၁၀ရက် (Monday)
သင်တန်းချိန် - နံနက် ၇နာရီမှ ၈း၃၀နာရီအထိ
နံနက် ၈း၃၀နာရီမှ ၁၀နာရီအထိ

မြို့တော်ဂေါက်ကွင်း YCDC ရေကူးကန်၊ သီရိမင်္ဂလာ(ဂျပန်လမ်း)၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၇၀၃၅၂၄၊ ၀၉-၈၀-၂၄၅၃၉။



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ခင်ပိုင် ၈၀/၆၇၁၂၏ အခွန်ပုံစံ(ခ) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၀-၂၀၇၆၂။**

ကားရောင်းမည်

အိမ်စီး ကားသန့်၊ Sunny Pick-up၊ 87 Model ၊ လ/၄....ကျော် အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းလိုသည်။ **ဖုန်း-၀၁-၅၆၅၄၈၁၊ ၀၉-၅၀-၈၇၀၃၇။**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ထက်၏ နိုင်ငံကူးလက်မှတ် အမှတ် ၅၄၁၃၄၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၅၃၆၀၇၃သို့ ဆက်သွယ်ပါ။ ကျေးဇူးဆပ်ပါမည်။

အုတ်တွင်းမြို့၌ ကတ္တရာလမ်းဖွင့်

အုတ်တွင်း ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဓမ္မစေတီ ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈နာရီက အဆိုပါမုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်း တက်ရောက်ခဲ့ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းတို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ဆိပ်ကမ်းမြို့နယ် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူကြိုင် ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ရက်က မော်တင်ရပ်ကွက်၌ ကွင်းဆင်း ဆောင်ရွက်ကြသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက စာကြည့်တိုက်နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူကြိုင်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ စာငှားစနစ် မှန်ကန်စွာကျင့်သုံးရေး၊ ရန်ပုံငွေ ထူထောင်ရေး ဟောပြောဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံ သမစိတ္တကျေးလက်စာကြည့်တိုက် ဆုရရှိခြင်းအတွက် ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် စံပြ တတိယဆုရ ဖျာပုံမြို့နယ် ကနိကျေးရွာ သမစိတ္တစာကြည့်တိုက်အား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခင်ကြည်၊ မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်တို့က ဆုရရှိခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တိုင်း စံပြ တတိယဆု ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေအား ခရိုင်ဦးစီးအရာရှိက လွှဲပြောင်းပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးညိုဝင်းထွဋ်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သံတောင်ကြီးမြို့ အဝင် ကျောက်တုံးဥယျာဉ် သန့်ရှင်းသပ်ရပ် သာယာလှပမှုကို ဖေဖော်ဝါရီ ၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ် ပြန်/ဆက်)



ဖေဖော်ဝါရီ ၁၄ ရက်က ငါန်းဇွန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့သင်တန်းဆင်းပွဲနှင့် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်၊ မြို့နယ်မှူး ဒုတိယရဲမှူးခင်မောင်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဝင်းနိုင်ဦးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကာယပညာ ဆရာ ဆရာမများ သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အခြေခံပညာ ကာယဆရာ ဆရာမများ၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉နာရီတွင် ရန်ကင်း ပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကာယပညာ ဆရာ ဆရာမများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဖုန်း-၆၆၁၁၄၄၊ ၅၃၆၁၃၆နှင့် ၅၆၆၆၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ *(၁၃၅)*

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေလဲလမ်းမကြီး၏ အလယ်တွင် အလှမီးတိုင်များ စိုက်ထူပြီးစီးနေမှုနှင့် ရေလဲလမ်း ကတ္တရာထပ်ပိုးလွှာခင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုတို့ကို ဖေဖော်ဝါရီ ၁၄ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား **ကမ္ဘာတစ်လွှားထူးထူးခြားခြား** **ကမ္ဘာတစ်လွှားထူးထူးခြားခြား** **ကမ္ဘာတစ်လွှားထူးထူးခြားခြား** **ကမ္ဘာတစ်လွှားထူးထူးခြားခြား**

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

ကမ္ဘာ့အရှည်ဆုံး လက်ရေးစာ

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် အသက်ရှစ်နှစ်မှ ၁၄နှစ်အရွယ် ကျောင်းသားကျောင်းသူ ၂၀၀၀ကျော်တို့ စုပေါင်းကာ ရက်ပေါင်း ကိုးရက်ကြာ စာရွက်ရှည်ကြီးပေါ်တွင် စာများရေးခဲ့ကြသည်။ ယင်းစာထဲတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အကြောင်းအရာများ ပါဝင်သည်။ အဆိုပါ စာ၏အရှည်မှာ စုစုပေါင်း မီတာ၄၁၃၈၀ရှိရာ ကမ္ဘာပေါ်တွင် အရှည်ဆုံး လက်ရေးစာအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ)***

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံးဖရုံသီး

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဂျက်ဆန်မြို့အနီးယာခင်းမှ ထွက်ရှိသော ဖရုံသီးတစ်လုံးမှာ အလေးချိန် ၁၇၂၅ပေါင်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံးဖရုံသီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ယခင်က ကမ္ဘာ့အကြီးဆုံး ဖရုံသီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည့် ဖရုံသီးမှာ အလေးချိန် ၁၆၈၉ပေါင်ရှိသည်။

(အောက်ပုံ) (အင်တာနက်)

ကမ္ဘာ့အရှည်ဆုံး ပီဇာမုန့်

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် မြို့သူမြို့သား ၂၂၀၀တို့က စုပေါင်း၍ ကမ္ဘာ့အရှည်ဆုံး ပီဇာမုန့်ကို တပျော်တပါး စုပေါင်းပြုလုပ်ခဲ့ကြသည်။ ထိုသို့ ပီဇာမုန့်ပြုလုပ်ရာတွင် ဂျုံမှုန့် ကီလို ၆၀၀၊ အသားကီလို ၄၀၀၊ ခရမ်းချဉ်သီး ကီလို ၂၀၀နှင့် ဆီ ၁၅လီတာတို့ဖြင့် ပေါင်းစပ်ပြုလုပ်ခြင်းဖြစ်သည်။ ယင်းပီဇာမုန့်ကို သီတင်းသုံးပတ်ကြာပြုလုပ်ခဲ့ရာ အရှည် ၁၆၃၀ဒသမ၄၇ပေရှိသဖြင့် ကမ္ဘာပေါ်တွင် အရှည်ဆုံး ပီဇာမုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(အပေါ်ပုံ)*** ***(အင်တာနက်)***

အမေရိကရောက် အာရှမျိုးနွယ်လေးတစ်ယောက်ရဲ့အဖြစ်က မလွယ်ပါလား

နိုင်ငံတကာမှုခင်း

**ဆွေ
စုစည်းသည်**

မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် ဆယ်ကျော်သက်အရွယ်တို့ မည်သည် ဘဝကို ကြံ့ကြံ့ခံတည်ဆောက်ရန်ခက်ခဲတတ်ပါ၏။ လေယူရာတိမ်း၍ ယိမ်းတတ်ကြစမြဲ····။

အထူးသဖြင့် တွယ်ရာမဲ့ ခြေသလုံး အိမ်တိုင်ပြု၊ ဥတစ်လုံးတစ်ကောင်ကြွက် ဆိုလျှင်ကား လောကဓံလှိုင်းလေမုန်တိုင်း တွေကြားတွင် ဖြစ်ချင်ရာဖြစ် စိတ်မညစ် တတ်ဖို့ အရေးအကြီးဆုံး။

မတွေးဝံ့စရာ

ထိုအထဲ ပညာကလည်းမရှိ၊ ဥစ္စာကလည်း ဗလာနတ္ထိဆိုလျှင်မူ ထိုသူငယ်၏ ရှေ့ရေးသည် မတွေးဝံ့စရာ။ အမေရိကန် ပြည်ထောင်စုသို့ရောက်နေသည့် အာရှနွယ်ဖွားလူငယ်လေးတစ်ဦး၏ အကြောင်း အင်တာနက်တွင် ဖတ်မိရာက ဘယ်မရောက်မရှိ စဉ်းစားနေမိခြင်းပါ။ အဖြစ်အပျက်က အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ် မီလ်ဝေါကီးစီးတီးမှ အဖြစ်အပျက်။

ဇာတ်လမ်းပါ အဓိက ဇာတ်ကောင်ကို ဦးစွာပထမ မိတ်ဆက်ပေးချင်မိ၏။ မှတ်ထားဖို့လိုပေမည်။ သူ့နာမည်က ကွန်နီရက်ဖြစ်၏။**(ယာအပေါ်ပုံ)** သူ၏ အသက်က (၁၄)နှစ်သာ ရှိသေး၏။ သူသည် ဘဝအတွက် နေထွက်ကနေဝင် ရုန်းကန်လှုပ်ရှားနေရသူဖြစ်၏။ တစ်နည်းဆိုရလျှင် ကိုယ့်အားကိုယ်ကိုး အသက်မွေးဝမ်း ကျောင်းနေရသူ။

အခွင့်အလမ်း

ကွန်နီရက်အတွက်မူ ဤအခြေအနေသည် ကြောက်ခမန်းလိလိ ဆိုးဆိုးရွားရွား အနံ့တွေဟောင်နေအောင် နံနေသည့် တိုက်ခန်းထဲမှ လွတ်မြောက်ရေးအတွက် အားထားစရာ အခွင့်အလမ်း တစ်ခုတည်း။

ယင်းတိုက်ခန်းတွင် ကြက်သီးဖြန်းဖြန်းထလောက်အောင် ကြောက်မက်ဖွယ်ကောင်းလှသည့် အမျိုးသားကြီးတစ်ယောက်နေထိုင်၏။ ထိုသူ၏ ဆံပင်ကား ရွှေရောင်ဖျော့ဖျော့အရောင်ဖြစ်သည်။ ထိုဆံပင်အရောင်ကို ရွှေအိုရောင်ခေါ်မည်လော၊ အုန်းခွံရောင် ဆိုမည်လော မသိ။

ထိုလူကြီးသည် ကွန်နီရက် ကို မူးယစ်ဆေးဝါး သုံးစွဲသည့်နယ်ပယ်သို့ တွန်းပို့ပေးခဲ့လေ၏။ ကွန်နီရက်ကား သတိလက်လွတ် မူးယစ်နေလေပြီ။

သတိပြန်ရလာ

သို့သော် ကွန်နီရက်အတွက် ကံကောင်းထောက်မသည်ဟု ဆိုရချေမည်။ ရွှေရောင်ဆံပင်နှင့် ငနဲကြီးက အကြောင်းတစ်ခုဖြင့် သူ့တိုက်ခန်းမှ အပြင်ဘက်သို့ ထွက်သွား၏။ ထိုအခိုက်တွင် ကွန်နီရက် သတိပြန်ရလာသည်။

ကွန်နီရက်သည် အိပ်ရာမှ တအားကုန်းထရသည်။ ထို့နောက် အိမ်တံခါးဝဆီသို့ရောက်အောင် မနည်းကြီးကြိုးစားလျှောက်လှမ်းနေရသည်။ ထိုအချိန်တွင် သူသည် မည်သည့်နေရာသို့ ရောက်နေမှန်း မသိသည့်အပြင် မစဉ်းစားတတ်အောင် လည်းဖြစ်နေသည်။ အထိတ်တလန့်လည်း ဖြစ်နေသည်။ ထိုအခြေအနေမျိုးတွင် ခြေဦးတည့်ရာ ပြေးလေတော့၏။ တစ်ကိုယ်လုံး လည်းတဆတ်ဆတ်တုန်လျက်။ ကွန်နီရက်ကိုကြည့်လိုက်ဦး၊ ကိုယ်တုံးလုံး၊အဝတ်မပါ ကိုယ်ဗလာ။

ထင်ရာစိုင်း

ကွန်နီရက်၏ ပင်ကိုစရိုက်က ရိုးသားသူဖြစ်သည်။ တိတိကျကျ လုပ်လေ့ရှိသည်။ ရည်မှန်းချက်ကို ပေါက်မြောက်အောင် ဆောင်ရွက်ချင်သည်။ သို့သော် အခြေအနေက မပေးလေတော့ ထင်ရာစိုင်းရပြီပေါ့။

ဤသို့ဖြင့် ကွန်နီရက်သည် ရွှေရောင်ဆံပင်ရှိသည့် အမျိုးသားကြီးတိုက်ခန်းမှ လွတ်မြောက်သွားချေပြီ။ ဘေးကင်းသည်ဟု ထင်ရာကို ပြေးရသည့်အဖြစ်မျိုး။

အကူအညီတောင်း

သာမန်အားဖြင့် လူတကာတွေအိပ်၍ အကောင်းဆုံးအချိန်ဖြစ်၏။ သန်းခေါင်ကျော် နံနက် ၂နာရီ ထိုးလုထိုးခင် အချိန်ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် စန္ဒရာစမစ် ဆိုသူ အမျိုးသမီးတစ်ဦးက ကွန်နီရက်ကို တွေ့သွား၏။ သူမက ကွန်နီရက်ကို ကြည့်ရသည်မှာ မဟန်ကြောင်း သတိပြုမိဟန်ရှိ၏။ ထို့ကြောင့် ဖုန်းနံပါတ် ၉၁၁ကို ဆက်၍ အကြောင်းကြားသည်။ ထိုလူငယ်သည် ခြေဦးတည့်ရာ ပြေးနေကြောင်း၊ လူတကာ ကြည့်၍ မလျော်ကြောင်း၊ မြင်မကောင်း ရှုမကောင်းဖြစ်နေကြောင်း၊ အဝတ်အစား မပါဘဲဝတ်လစ်စားလစ်ဖြင့် လမ်းပေါ်ပြေးနေခြင်းဖြစ်ကြောင်း အသိပေးပြီး အကူအညီတောင်းသည်။

စန္ဒရာစမစ်အနေဖြင့် ထိုလူငယ်သည် မည်သူမည်ဝါဆိုသည်ကို လုံးလုံးမသိ။ သို့ရာတွင်ထိုလူငယ်သည် ဒဏ်ရာရထားပြီး ကြောက်လန့်တုန်လှုပ်နေသည်ကိုမူ စန္ဒရာစမစ် သတိထားမိ၏။ သနားကရုဏာသက်စရာဟု ရှုမြင်ခံစားနေပုံပေါ်နေသည်မှာ အမှန်။

မှင်တက်မိနေပုံ

စန္ဒရာစမစ်သည် ပထမဦးစွာ ဆေးဘက်အကူကိုရှာပြီး ကွန်နီရက်ကို ဆေးထည့်ပေးသည်။ ထိုလူငယ်၏ ကိုယ်ကို ခြုံစောင်ဖြင့်ပတ်ပြီး အရှက်ကိုဖုံးပေးသည်။ အဝတ်အစားဝတ်ပေးသည်။ ထိုအချိန်၌ ထိုလူငယ်သည် မူးဝေနေပုံရသည်။ တွေဝေနေဟန်လည်းရှိ၏။ မှင်တက်မိနေပုံလည်းပေါ်သည်။ ဤကား ထိုလူငယ်၏ သရုပ်ကို ဖော်ပြခြင်းတည်း။

လုပ်ရင်းကိုင်ရင်းပင် ရဲအရာရှိနှစ်ဦး ချက်ချင်းဆိုသလို ရောက်လာသည်။ ရဲက အခြေအနေကို မေးမြန်းစုံစမ်းသည်။ ထိုလူငယ်သည် အာရှမျိုးနွယ်ထဲက ဖြစ်သည်ဟု ရဲကသဘောပေါက် နားလည်သွားလေသတတ်။ ကွန်နီရက်ကို စစ်ဆေးမေးမြန်းနေသည့် ရဲအရာရှိများမှာ မီလ်ဝေါကီးစီးတီး ရဲစခန်းမှ ရဲတွေပါ။

စိတ်ဝင်တစား

စန္ဒရာစမစ်သည် အသက်အရွယ်အားဖြင့် အသက် (၁၈)နှစ်အရွယ်၊ မီးကောင်ပေါက်အရွယ်၊သူမနှင့်အတူ သူမနှင့် ဆွေမျိုးနီးစပ်တော်သူ နီကိုးချဲလ်ဒရစ် ဆိုသူလည်း ရှိ၏။ နီကိုးချဲလ်ဒရစ်သည်လည်း အသက် (၁၈)နှစ်အရွယ် မိန်းကလေးတစ်ဦး၊ သူတို့နှစ်ဦးသည် ကွန်နီရက်ကို ရဲများ စစ်ဆေးမေးမြန်းချိန်၌ ကွန်နီရက်၏အနီး၌ပင် ရပ်ကြည့်နေကြသည်။

ထိုအခိုက်တွင် အရပ်ရှည်ရှည်နှင့် ရွှေရောင်ဖျော့ဆံပင်ရှိသူ လူကြီးသည်လည်း ကွန်နီရက်အနီးကို ကောက်ကာငင်ကာရောက်ရှိလာသည်။ ထိုအခါ အမျိုးသမီးနှစ်ဦးရယ်၊ အရပ်ရှည်ပြီး ရွှေရောင်ဖျော့ဆံပင်ရှိသူ လူကြီးရယ်နှင့် ရဲတွေရယ် စကားအချေအတင် ပြောဆိုလာကြ၏။ စကားရှိန်မြင့်လာ၏ ခွန်းကြီးခွန်းငယ်။

ဗလုံးဗထွေး

အရပ်ရှည်ပြီး ရွှေရောင်ဖျော့ဆံပင်ရှိသူ အမျိုးသားကြီးက "ကွန်နီရက်သည် အသက် (၁၉)နှစ်အရွယ်ရှိနေပြီဖြစ်ကြောင်း၊ မိမိနှင့် လက်မထပ်ဘဲ ယူထားသူဖြစ် ကြောင်း၊ တစ်နည်းဆိုရလျှင်မိမိ၏ ချစ်သူပင်ဖြစ်ကြောင်း၊ သူသည် အရက်ကို အလွန်အကျွံသောက်တတ်သူဖြစ်ကြောင်း၊ ကွန်နီရက်သည် ဆေးခတ်ခံထားရကြောင်း၊ ဆေးကြောင် ကြောင်နေသူဖြစ်ကြောင်း၊ စကားကို ပီအောင်မပြောနိုင်ဘဲ ဗလုံးဗထွေးပြောကြောင်း" ရှင်းပြသည်။

ကွန်နီရက်သည်ကား စကားကို သိမ်သိမ်မွေ့မွေ့နှင့် လိမ္မာရေးခြားပြောတတ်သော ရွှေရောင်ဖျော့ဆံပင်နှင့် လူကြီးကို ဆန့်ကျင်မပြောဝံ့၊ထိုလူကြီးကို မဖီဆန်နိုင်။

ထို့နောက် ရွှေရောင်ဖျော့ဆံပင်နှင့် အမျိုးသားကြီးက ရဲတပ်ဖွဲ့ကို ကတ်ပြားတစ်ခုထုတ်ပြလိုက်၏။ ထုတ်ပြလိုက်သည့် ကတ်ပြားက မှတ်ပုံတင်ကတ်ပြား။

စိတ်ဆိုး ဝမ်းနည်း

ထိုအချိန်တွင် အထက်က ဖော်ပြခဲ့သည့် အမျိုးသမီးနှစ်ဦးက ကြားဝင်ပြောဆိုရန်ကြိုးစား၏။ တုန်လှုပ်ကြောက်ရွံ့နေပုံရသော ကွန်နီရက်က ရဲများရောက်မလာမီ ရွှေရောင်ဖျော့ဆံပင်နှင့် အမျိုးသားကြီးကို ခုခံတိုက်ခိုက်ရန် ကြိုးစားသေး၏။ ရဲများက စုံစမ်းစစ်ဆေးနေချိန်တွင် အမျိုးသမီးနှစ်ဦးက အားမလို အားမရ ဖြစ်ကြသည်။ စိတ်ဆိုးဝမ်းနည်း ဖြစ်နေကြပုံရသည်။ စိတ်မကောင်းဖြစ်နေကြဟန်လည်းရှိသည်။ သို့ရာတွင် ရဲတို့က သူတို့ အမျိုးသမီးနှစ်ဦးကို မမြင်ချင်၊ မသိချင်ယောင်ဆောင်ပြီး ရွှေရောင်ဆံပင်ဖျော့ဖျော့နှင့် အမျိုးသားကြီး၏စကားကိုသာ အာရုံစိုက်နားထောင်နေကြ ဆိုသကိုး။

ထို့နောက် ရဲအရာရှိနှစ်ဦးက ကိုယ့်ဘက်ကစိတ်ချရအောင် အခြေအနေမှန်သိဖို့ ကွန်နီရက်ကိုရော၊ အရပ်ရှည်ရှည်၊ ရွှေရောင်ဆံပင်နှင့် အမျိုးသားကြီးကိုပါ နှစ်ဦးစလုံးကိုခေါ်ပြီး အမျိုးသားကြီး၏ တိုက်ခန်းသို့ အတူသွားကြသည်။ ထို

တိုက်ခန်းသို့ ရောက်လာသည့်အခါ တိုက်ခန်းမှ အနံ့ဆိုးများ ရလာကြသည်။ သို့သော် တိုက်ခန်းကို ကြည့်ရသည်မှာ အလွန်သန့်ရှင်းသပ်ရပ်သည်။ အခန်းအတွင်း၌ ကွန်နီရက်၏ အဝတ်အစားများကိုလည်း တွေ့ရ၏။ ကွန်နီရက်၏အဝတ်အစားများမှာ ဆိုဖာပေါ်တင်ထားပြီး တွန့်ကြေနေသည်။ ထို့အပြင် အမျိုးသမီးအောက်ခံဘီကီနီ ဘောင်းဘီတိုနှင့်ရိုက်ထားသည့် ကွန်နီရက်၏ ဓာတ်ပုံ နှစ်ပုံကိုလည်း တွေ့သွားကြသည်။ စဉ်းစားစရာ။

ကွန်နီရက်သည် ဆိုဖာပေါ်တွင် ငြိမ်သက်စွာထိုင်နေသည်။ အရုပ်ကြိုးပြတ်ပုံစံမျိုး ဖြစ်နေ၏။ စကားကိုလည်း ရေရေလည်လည်မပြောနိုင်။ ပီပီသသလည်း မပြောတတ်။

သဘောမပေါက်

အရပ်ရှည်ရှည် ရွှေရောင်ဖျော့ဆံပင်နှင့် အမျိုးသားကြီးကမူ ရဲတပ်ဖွဲ့ကို တည်တည်ငြိမ်ငြိမ်နှင့် စီကာပတ်ကုံး ရှင်းပြနေသည်။ ယင်းရှင်းပြချက်များကိုလည်း ကွန်နီရက် သဘောမပေါက်။

ထိုအခါ အမျိုးသားကြီးက ရဲကို တောင်းပန်သည်။ မိမိ၏ချစ်သူ ကွန်နီရက်သည် အနှောင့်အယှက်ပေးသလိုဖြစ်နေကြောင်း၊ ပြဿနာဖြစ်အောင်လုပ်သကဲ့သို့ ဖြစ်နေကြောင်း၊ နောင်တွင် ဤအဖြစ်မျိုး မဖြစ်စေရပါကြောင်းလည်း ရဲကို ပြောပြသည်။ ရဲက အမျိုးသားကြီး၏ စကားများကို ယုံကြည်သွားဟန်ရှိသည်။ လူကောင်းဟုလည်း ယူဆသွားပုံလည်းရသည်။ အမျိုးသားကြီးသည် စကားကို ချိုချိုသာသာနှင့် ချောင်ချောင်လည်လည် ပြေပြစ်စွာ ပြောတတ်သူ၊ လိမ္မာရေးခြားရှိသူ၊ သိမ်မွေ့သူဖြစ်သည်။ လူကောင်းတစ်ယောက်မဟုတ်ဟုငြင်းရန် ရဲတို့တွင် အကြောင်းပြခဲ့ရာ မတွေ့ရ။

အာရှတိုက်သား ကွန်နီရက်ကို ကြည့်ရသည်မှာ မူးနေပုံရသည်။ စကားကို ပီပီသသ မပြောနိုင်။

ထွက်ခွာသွား

ရဲအရာရှိများအနေဖြင့် သူတို့နှစ်ဦးကို လိင်တူဆက်ဆံသူ များဟုလည်း သဘောပေါက်သွားသည်။ သူတို့နှစ်ဦး အငြင်းပွားမှုကို ကြားဝင်ရန် ဆန္ဒမရှိတော့။ ထို့ကြောင့် ရဲများသည် တိုက်ခန်းမှ ထွက်ခွာသွားလေတော့၏။

ကွန်နီရက်ကား ဆိုဖာပေါ်တွင် ငြိမ်လျက်သားငေး၍ ကျန်နေရစ်ခဲ့သတည်း။ အရပ်ရှည်ရှည် ရွှေရောင်ဖျော့ဆံပင်နှင့် အမျိုးသားကြီးနှင့် ကွန်နီရက်တို့မည်သို့ ခရီးဆက်သွားကြမည်ကိုမူ မသိချေ။ သို့သော် အမျိုးသားကြီးဆိုသူက လူတွေကို တစ်ယောက်ပြီး တစ်ယောက်သတ်ခဲ့သည့် တကယ့်လူသတ်သမားကြီး ဆိုပဲ။ ။

ကိုးကား-အင်တာနက်

မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် ဆယ်ကျော်သက်အရွယ်တို့မည်သည် ဘဝကို ကြံ့ကြံ့ခံတည်ဆောက်ရန် ခက်ခဲတတ်ပါ၏။ လေယူရာတိမ်း၍ ယိမ်းတတ်ကြစမြဲ။

တောင်ကြီး တောင်လေးလုံး စံပြကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံဖွင့်

တောင်ကြီး ဖေဖော်ဝါရီ ၂၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့နယ် တောင်လေးလုံး စံပြကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ အလှူရှင် ရတနာထွန်း ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးငွေကြွယ်နှင့် ရပ်မိရပ်ဖ ဦးမောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်ပြီး စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲ ကျင်းပရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီနာယက ဦးမောင်အေးက လက်ခံယူသည်။

လက်ခံယူ

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းက ရေဒီယို ငါးလုံး၊ ရတနာထွန်းကုမ္ပဏီက ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာက ငွေကျပ် ငါးသောင်း၊ တောင်လေးလုံးကျေးရွာက ငွေကျပ် တစ်သောင်း၊ ဒေသခံပြည်သူများ ကိုယ်စား ရပ်မိရပ်ဖ ဦးမောင်အေးက ငွေကျပ် တစ်သိန်း၊ ရပ်မိရပ်ဖ ဦးခင်မောင်လတ်က ငွေကျပ် ငါးသောင်း၊ အေးအေး စားသောက်ဆိုင်မှ ငွေကျပ် နှစ်သောင်း၊ ရွှေညောင်-တောင်ကြီးအမှတ်(၁၁) ယာဉ်ငယ်လိုင်းက ငွေကျပ် တစ်သောင်း၊ ရပ်မိရပ်ဖ ဦးညွန့်ဝေက စာအုပ်ဗီရို တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူသည်။

ပေးအပ်

ထို့နောက် တောင်လေးလုံးစံပြကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ကျေးရွာရပ်မိရပ်ဖ ဦးမောင်အေးက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရာပြည့်ထံ ပေးအပ်သည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၆ပေ၊ အမြင့် ၁၀ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ဆောက်လုပ်ထားပြီး အဆောက်အအုံတန်ဖိုး ငွေကျပ်သိန်း ၄၀ကျော် အကုန်အကျခံ၍ ရတနာထွန်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

သာပေါင်းစက္ကူနှင့် ပျော့ဖတ်စက်ရုံ၌ စာပေဟောပြောပွဲကျင်းပ

သာပေါင်း ဖေဖော်ဝါရီ ၁၈

နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၃၀ရက်က သာပေါင်းစက္ကူနှင့်ပျော့ဖတ်စက်ရုံ စက်ရုံခန်းမ၌ကျင်းပရာ ဝန်ထမ်းမိသားစုများ အပါအဝင် အနီးအနားရှိ မြို့၊ ရွာများမှပရိသတ် ၁၀၀၀ကျော် တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါစာပေဟောပြောပွဲ၌ ရန်ကုန်မြို့မှစာရေးဆရာများဖြစ်ကြသော လယ်တွင်းသားစောချစ်၊ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့်ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)တို့က ရသစာပေနှင့် ဓမ္မစာပေအကြောင်း ဟောပြောကြသည်။ ဟောပြောပွဲမစတင်မီ ဆရာဝန်စာရေးဆရာမဒေါက်တာ နိုက်တင်ဂေးလ် (ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က **(အပေါ်ဝဲပုံ)** စက်ရုံစာကြည့်တိုက်အတွက် မီးအိမ်ရှင် စာအုပ်တိုက်မှထုတ်ဝေဖြန့်ချိသော သုတ၊ ရသနှင့် ဓမ္မစာပေစာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။

(စာပေနှင့်စာနယ်ဇင်း)

လယ်ယာသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူရေးပြင်ဆင်

နွားထိုးကြီး ဖေဖော်ဝါရီ ၂၀

နွားထိုးကြီးမြို့နယ်တွင် ယာသမား လယ်သမားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသန်းခေါင်စာရင်းကို ဌာနသုံးခုက ကွင်းဆင်းကောက်ယူရန် စီစဉ်လျက်ရှိသည်။

စီမံကိန်းနှင့်စီးပွားရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့က ကျေးရွာရပ်ကွက် အုပ်စု ၇၂အုပ်စု၊ ကျေးရွာ၁၈၈ရွာတွင် တောင်သူလယ်သမား ၂၃၀၀၀ခန့်၏ နှမ်းစပါး၊ ပဲမျိုးစုံနှင့် ပြောင်းသီးနှံ(၁၀)မျိုးကို ကွင်းဆင်းကောက်ယူကြမည်ဖြစ်သည်။ ယခုအခါစီမံကိန်းနှင့် စီးပွားရေးဦးစီးဌာနက လုပ်ငန်းများ ပြင်ဆင်လျက်ရှိသည်။

(ဝ၉၂)

ပေတစ်သောင်းရှည် မြေသားလမ်း မော်လမြိုင်ကျွန်း မြောင်ထောက်ကျေးရွာ၌ တာဖို့

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀

ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု မြောင်ထောက်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေတစ်သောင်းကျော် ရှည်လျားသော မြောင်ထောက်ကျေးရွာ မြေသားလမ်း အပြီးသတ် တာဖို့ပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀နာရီက မြောင်ထောက်ကျေးရွာတာလမ်းမထိပ်၌ ကျင်းပသည်။

ဆက်သွယ်သွားလာ

ယင်းမြောင်ထောက် မြေသားလမ်း တာဖို့ ပြီးစီးသွားသဖြင့် တန့်ငူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာ၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားသည့်အပြင် မြောင်ထောက်မြေသား တာလမ်းမမှတစ်ဆင့် မော်လမြိုင်ကျွန်း ကျိုက်ပိလမ်းမကြီးသို့ ကျေးလက်ပြည်သူများ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်ကြပြီ ဖြစ်သည်။

ဖောက်လုပ်ခဲ့

ထို့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စုတွင် ကျေးရွာချင်းဆက်သွယ်သော ကျေးလက်တာလမ်းများအဖြစ် တန့်ငူ-နှာခေါင်းပေါက်တာလမ်း၊ နှာခေါင်းပေါက်-ကင်မွန်းချောင်းတာလမ်း၊ ကင်မွန်းချောင်း-မြောင်ထောက်တာ လမ်းနှင့် လတာချောင်း-မြောင်ထောက် ကျေးလက် တာလမ်းများကိုလည်း ဆက်သွယ်ဖောက်လုပ်ခဲ့ကြောင်း သိရသည်။ (၁၄၂)

(၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေ ကျပ်၄၇သိန်းဖြင့် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ပေရှိ လက်တောလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွဋ်နှင့် အမှုဆောင်အရာရှိ ဦးတင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကောလင်း အထက၌ အာစရိယပူဇော်ပွဲကျင်းပ

ကောလင်း ဖေဖော်ဝါရီ ၁၁

ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ရက်က အဆိုပါကျောင်း သဇင်ခန်းမဆောင်၌ ကျင်းပရာ မန္တလေးတက္ကသိုလ် မြန်မာစာပါမောက္ခ ဒေါ်ခင်သန်း၊ ဒေါက်တာခင်သောင်းတို့က အာစရိယပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကန်တော့ခံဆရာ ဆရာမကြီးများအား ကျောင်းသားဟောင်းများကိုယ်စား စာရေးဆရာ ဦးမြင့်လွင် (မောင်ကြည်သော်-ကောလင်း)က ရတုပိုဒ်စုံကဗျာရှည်ဖြင့် ဖတ်ကြားပူဇော်ကန်တော့ပြီး ဆရာဦးမောင်မောင်သွင်နှင့် ဆရာဦးမြသိန်းတို့က ကျေးဇူးတင်စကားနှင့် ဩဝါဒစကားများကို ချီးမြှင့်ကြသည်။

(ဝ၃၂)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၈ရက်က ပြုလုပ်ရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇင်၊ မီးသတ်တပ်ဖွဲ့မှူး ဦးစံညွန့်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ စုပေါင်းပါဝင်သရုပ်ပြလေ့ကျင့်စဉ်။

(မြို့နယ်စည်ပင်)



ကျေးလက်မြေသားလမ်းဖောက်လုပ်

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေးအတွက် ခရမ်းရေထိန်းတံခါးမှ လဟာရက်ကျေးရွာသို့ ဆက်သွယ်သည့် ကျေးလက်မြေသားလမ်း အရှည် ၂မိုင်ကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ချောစုဇံက ကြီးကြပ်ဖောက်လုပ်ဆောင်ရွက်လျက်ရှိရာသို့ ဖေဖော်ဝါရီ ၁၇ရက်က အဖွဲ့အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းရေး ဆောင်ရွက်

အရာတော် ဖေဖော်ဝါရီ ၁၁

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၁၁ရက် နံနက် ၇နာရီက မုံရွာ-အရာတော်-ရွှေဘိုလမ်းဘေး ဝဲယာလမ်းတစ်လျှောက်၌ ချုံနွယ်ပိတ်ပေါင်းနှင့် အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ စုပေါင်းပါဝင်ကြသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဗိုလ်တေဇလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ထွေးနှင့် အမှုဆောင်အရာရှိ ဦးစောရွှေတို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်စည်ပင်သာယာ လွိုင်လျန်း-လွိုင်ယုကာ ကျေးလက်ကျောက်ချောလမ်းဖွင့်

မိုးနဲ ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လွိုင်လျန်း-လွိုင်ယုကာကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက လွိုင်ယုကာကျေးလက်လမ်းမုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှူး၊ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လွိုင်ယုကာ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသီဟက အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က ဆောင်ရွက်ခဲ့သည့် လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အထိမ်းအမှတ်အလံများ ပေးအပ်ပြီး လမ်းကို နယ်မြေခံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးသီဟနှင့် အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ (ဝဲပုံ)

အဆင့်မြှင့်တင်

၎င်း လွိုင်လျန်း-လွိုင်ယုကာ ကျေးလက်လမ်းမှာ မိုးနဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေကျပ် ၆၀၄၀၀၀၀ဖြင့် အရှည်ပေ ၁၇၃၀၊ အကျယ် ၁၀ ပေအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုနေ့ဂုဏ်ပြု သန်လျင်စည်ပင် ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အစဉ်တစိုက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ခုနစ်လမ်းအနက် အရှည် ပေ ၁၅၁၀ရှိ ဦးလှထွန်းလွင်လမ်းကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို အဆိုပါ လမ်းထိပ်မုခ်ဦး၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အစီအစဉ်အရ လမ်းနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုအခြေအနေများကို သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးမိုးကျော်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ယင်းနောက် လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများအား တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ တိုင်းညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းတို့အား တာဝန်ရှိသူများက အသီးသီးပေးအပ်ကြပြီးနောက် တိုင်းမှူးနှင့် တိုင်းစည်ပင် ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှု

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

(တိုင်းစည်ပင်သာယာ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီတဂူ စက္ခုဒါနဆေးရုံ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေး

သီပေါ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ ဖေဖော်ဝါရီ ၁၁ရက်မှ ၁၄ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးခဲ့သည်။ **(အောက်ယာပုံ)**

စစ်ဆေးကုသ

သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွမ်းလုံ၊ ဟိုပန်၊ ကွတ်ခိုင်၊ လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ နောင်ချို၊ နောင်ပိန်၊ မိုင်းတင်း၊ ကျောက်မဲ၊ သီပေါမြို့နယ်များမှ မျက်စိဝေဒနာရှင်များ၏ မျက်စိဝေဒနာများကို အထွေထွေအထူးကု (မျက်စိဌာန) စစ်ကိုင်း သီတဂူ ဆရာဝန်ကြီး ဒေါက်တာ မိမိခင် ကြီးကြပ်ကွပ်ကဲ၍ အထူးကုဆရာဝန်ကြီး လေးဦးနှင့် စစ်ကိုင်းသီတဂူမှ ကျွမ်းကျင်ဝန်ထမ်းရှစ်ဦးအပြင် ရေကြည်တော်ဝတ်အသင်းသားများက နံနက် ၈နာရီမှ ညနေ ၄နာရီအထိ နေ့စဉ် စစ်ဆေးကုသပေးခဲ့သည်။

အဆိုပါ မျက်စိဝေဒနာရှင် ၅၂၃ဦးအနက် ၄၃ဦးကို ခွဲစိတ်ကုသပေးပြီး ၄၀၀ ကို ဆေးဝါး၊ မျက်စဉ်းရည်နှင့် မျက်မှန်တပ်ဆင်ရေးကိစ္စများဖြင့် ကုသဆောင်ရွက်ပေးခဲ့သည်။ (ဝ၂၀)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျွန်းလှ နောင်ကောက်ကျေးရွာ၌ အလကကျောင်းခွဲဖွင့် ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ကျွန်းလှ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် နောင်ကောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှေ့မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အစီအစဉ်အရ မိုင်းဝန်းရွှေမြေ ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင့်နှင့် ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက်မှ ဦးထွန်းညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဒေါ်ခိုင်ခိုင်မြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင့်တို့က အမှာစကားပြောကြားပြီး ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက်မှ ဦးထွန်းညိုက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်ဘော်က ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်ဘော်က မိုင်းဝန်းရွှေမြေနှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ မိုင်းဝန်းရွှေမြေ ကျောင်းဆောင်သစ်ကို ဟွန်ဒါမြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၇၀၊ ပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၂၃၆၁၃၈၃၅ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်း၌ ခရိုင်အဆင့် အားကစား ပေါင်းစုံပြိုင်ပွဲ ဆုချီးမြှင့်

ရမည်းသင်း ဖေဖော်ဝါရီ ၁၈

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဖလား ခရိုင်အဆင့် အားကစားပေါင်းစုံပြိုင်ပွဲများ၊ ပိတ်ပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် ညနေ ၅နာရီက ရမည်းသင်းခရိုင် ရမည်းသင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးဗိုလ်လုပွဲကို ညနေ ၃နာရီခွဲက ရမည်းသင်း(မြို့မ) အသင်းနှင့် ပျော်ဘွယ် (မန္တလေးတန်း) အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပျော်ဘွယ်(မန္တလေးတန်း) အသင်းအား ရမည်းသင်း(မြို့မ) အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပထမဆုရ ရမည်းသင်း မြို့နယ် (မြို့မ)အသင်းအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနေဦးက ဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုရ ပျော်ဘွယ်မြို့ မန္တလေးတန်း အသင်းအား ဆုငွေကျပ် လေးသိန်း၊ တတိယဆုရ ပျော်ဘွယ်မြို့(မြို့သစ်) အသင်းအား ဆုငွေကျပ် သုံးသိန်းနှင့် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့်ဂိုးသမား အကောင်းဆုံးဆုများအားနယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီး မြင့်စိုးက ဆုများချီးမြှင့်သည်။

ထို့ပြင် ဘော်လီဘောပြိုင်ပွဲအသင်းလိုက်နှင့် ရိုက်ချက်အကောင်းဆုံးဆု၊ ပင့်ထောင် အကောင်းဆုံးဆုနှင့် ဆယ်မအကောင်းဆုံးဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌ ဦးလှဝင်းတင်က ဆုများ ချီးမြှင့်သည်။ ကြက်တောင်၊ ဝိုင်းခြင်းခတ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲဆုရသူများအား ခရိုင်အတွင်းရေးမှူး၊ မြို့နယ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုရရှိသူ ၅၄ ဦးအား ဆုများ ချီးမြှင့်ကြသည်။

(၁၁၅)

ဆင်ဖြူကျွန်း ပြည်တော်သာရပ် အမက နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်

ဆင်ဖြူကျွန်း ဖေဖော်ဝါရီ ၁၅

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ပြည်တော်သာရပ် အမက နှစ်ပတ်လည် စည်းဝေးပွဲ၊ စာအုပ်စာစောင်များ လှူဒါန်းပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများ ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆောင်းပါးရှင်မောင်ဘဏ်ရှင်နှင့် ဘဏ္ဍာရေးမှူး ဦးအောင်လွင်တို့က ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ ဆောင်ရွက်ထားမှုနှင့် ရှေ့အစီအစဉ်ကို ရှင်းလင်းကြသည်။

ပေးအပ်

အစီအစဉ်များဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်၊ ဘဏ္ဍာရေးမှူး ဦးအောင်လွင်နှင့် မိဘဆရာများက ပညာရည်ချွန်၊ အားကစားထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုများ အသီးသီးချီးမြှင့်ကြသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆောင်းပါးရှင် မောင်ဘဏ်ရှင်က စတုတ္ထတန်း ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများအား အလယ်တန်း မြန်မာစာ စာစီစာကုံးနှင့် အင်္ဂလိပ်ဘာသာ အက်ဆေးစာအုပ်များကိုလည်းကောင်း**(အောက်ဝဲပုံ)**၊ ကျောင်းကော်မတီအား ကျောင်းစာကြည့်တိုက်အတွက် မတည်စာအုပ် စာစောင် ၅၀ ကျော်ကိုလည်းကောင်း ပေးအပ်သည်။

ဖျော်ဖြေ

ထို့နောက် ရသုံးရှင်းတမ်းကို အတည်ပြုပြီး ၂၀၁၀-၂၀၁၁ခုနှစ် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်အောင်အေး၊ ဘဏ္ဍာရေးမှူး ဦးအောင်လွင်၊ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးနှင့် အဖွဲ့ကို ဖွဲ့စည်းပြီး ကျောင်းစာကြည့်တိုက်ကို အမြန်ဆုံးဖွင့်လှစ်ကာ ကျောင်းဆောင်ပတ်လည်အုတ်ရိုးကာ၍ ကျောင်းဝင်းကို ခိုင်ခံ့စွာဝင်းခတ်ရန် ဆုံးဖြတ်ပြီး ကျောင်းသား ကျောင်းသူများက အနုပညာဖြင့် ဖျော်ဖြေကြသည်။ **(ပညာရေး)**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြု သင်တန်းဖွင့်

ရမည်းသင်း ဖေဖော်ဝါရီ ၁၅

ရမည်းသင်းမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၀ခုနှစ်တွင် ဖြေဆိုကြမည့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြု ကျောင်းဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၁ရက် ညနေ ၅နာရီက ရမည်းသင်းမြို့(မြို့မ) အထက(ခွဲ) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဟန်နှင့် ကော်မတီဝင်များ၊ လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာမကြီးများ၊ ဘာသာရပ်ပြ ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(၁၆၉)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော ကန်ဖျားရပ်ကွက်နှင့် မြိတ်တောင်ကျေးရွာ ကံတောလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၅ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု ဝက်ပုတ် အေးမြသီတာရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားရာ မီးဘေးသင့်ခဲ့သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း တိုင်းဦးစီးမှူး ဒုတိယတန်း ဒေါ်နီနီမိုးနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (အလားတူ ပြည်မြို့နယ် ပေါက်နွယ်ခြုံကျေးရွာ၌ ဇန်နဝါရီ ၂၂ ရက်က မီးလောင်မှုကြောင့် အိမ်ထောင်စုခြောက်စု၊ လူဦးရေ ၂၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။) **(တိုင်း ပြန်/ဆက်)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား-နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရေတွင်းကုန်း-တော်လတီလမ်း တံတားတည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ မြို့ချောင်းတံတားသို့ ရောက်ရှိပြီး တံတားပေါ်မှ ကြို့ကုန်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် စိုက်ပျိုးပြီး နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ တစ်ဦးက စိုက်ပျိုးရေပေးဝေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ဆေးရုံတက်ရောက်ကုသနေသည့် ကျောင်းသားများ ဆေးရုံစာဖြေဌာနသုံးခုဖွင့်လှစ်ပေးရန် စီစဉ်ထား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းချက်အရ ၂၀၁၀ခုနှစ် မတ် ၁၀ရက်မှ ၁၉ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံ စာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

တောင်းခံနိုင်

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂုတ်ထိပ်တံတား၊ ငွေရည်ပုလဲကုမ္ပဏီ၏ သကြားစက်နှင့် နောင်ချိုမြို့

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကျောက်မဲမြို့မှ နောင်ချိုမြို့သို့ ၃၂မိုင်သာကွာဝေး၍ လမ်း၌ မရပ်နားဘဲ မောင်းလျှင် တစ်နာရီခန့်ဖြင့် ရောက်သွားနိုင်ပါသည်။ သို့သော် ကျောက်မဲနှင့် နောင်ချိုကြားမှ သဘာဝရှုခင်းများမှာ ဓာတ်ပုံရိုက်ချင်စရာချည်းဖြစ်နေ၍ ခရီးမတွင်လှချေ။ ကျောက်မဲမြို့နယ်မှ တာဝန်ရှိသူများ စီစဉ်ပေးလိုက်သည့် ကားဆရာကလည်း သဘောထားပြည့်ဝပြီး ဓာတ်ပုံဝါသနာအိုးတစ်ဦးဖြစ်၍ အားနာစရာကောင်းလောက်အောင် ရှုခင်းကောင်းကောင်းတွေ့တိုင်း ရပ်ပေးနေလေသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြန်မာ့အလင်း

ကမ္ဘာတစ်ခွင် ထူးခြားဖြစ်စဉ်

ခတ္တမန္တူ ဖေဖော်ဝါရီ ၂၂

နီပေါနိုင်ငံမှ အရပ်၂၂လက်မသာ ရှိသော အမျိုးသား တစ်ဦးသည် ကမ္ဘာ့အရပ်အပုဆုံး လူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းစာအုပ်၌ တရားဝင် အသိအမှတ်ပြုခံရရေးအတွက် ဖေဖော်ဝါရီ ၂၁ရက်က နီပေါနိုင်ငံ ခတ္တမန္တူလေဆိပ်မှ အီတလီ နိုင်ငံသို့ ထွက်ခွာသွားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ ●

နောင်ချိုမြို့နယ်အတွင်းမှ အထင်ကရ တံတားကြီးတစ်စင်းဖြစ်သော သက်တမ်း နှစ်ပေါင်း၉၀ကျော်ရှိ ဂုတ်ထိပ်တံတားကြီးကို အဝေးမှ ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်ထွေး (သတင်းစဉ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း တင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင် (မြန်မာ့အလင်း)

23-2 (20).pmd 1 2/23/2010, 1:59 AM